# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


လုံးလုံး အကဲ့ရဲ့ခံရသောသူ၊
လုံးလုံး အချီးမွမ်းခံရသောသူဟူ၍
ရှေးအခါ၌ မရှိခဲ့ဖူး၊ နောင်အခါ၌လည်း
ရှိလိမ့်မည်မဟုတ်၊ ယခုအခါ၌လည်းမရှိ။

ဓမ္မပဒ-၂၂၈

အရှင်သေဋ္ဌိလ


၁၃၇၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် | ၂၀၁၆ ခုနှစ်၊ မေ ၁၄ ရက်၊ စနေနေ့ | အတွဲ (၅၅)၊ အမှတ် (၂၂၂)


## (၆၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ် ဆက်ကပ်ပွဲကျင်းပ


စာမျက်နှာ - ၃


## စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အတွက် ကဏ္ဍအလိုက် လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်


စာမျက်နှာ - ၄


# အယ်နီညိုဖြစ်နေသော်လည်း သဖန်းဆိပ်ဆည်၌ နွေသီးနှံအောင်ရေလုံလောက်

မျိုးဝင်းထွန်း (မုံရွာ)

**စစ်ကိုင်း မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး သဖန်းဆိပ်ရေလှောင်တမံ၌ လက်ကျန်ရေ ပမာဏ ဧကပေ ၂၆ သိန်းကျော်ရှိခဲ့ရာ အယ်နီညိုရာသီဥတုဖြစ်သော်လည်း နွေသီးနှံအောင်ရေအထိ လုံလောက်စွာရရှိသည့်အပြင် မိုးသီးနှံ ပျိုးထောင်ရေအတွက်ပါ လုံလောက်စွာရရှိနေကြောင်း တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးထံမှ သိရသည်။

"အရင်နှစ်ကထက် နွေသီးနှံစိုက်ပျိုးရေကို ပိုမိုတိုးတက်ပေးဝေနိုင်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်ကစပြီး နွေသီးနှံစိုက်ပျိုးရေကို စတင်ပေးဝေခဲ့တာ၊ သဖန်းဆိပ်ရေလှောင်တမံအတွင်းမှာ မိုးစပါးအောင်ရေပေးဝေအပြီး လက်ကျန်ရေပမာဏဟာ ဧက ပေ ၂၆ သိန်းကျော် ရှိနေပါတယ်။ ၂၀၁၆ ခုနှစ် နွေသီးနှံ စိုက်ပျိုးမယ့်အစီအမံကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကြီးကြပ်မှုနဲ့ ရေအလေအလွင့် နည်းနိုင်သမျှ နည်းအောင် ဆောင်ရွက်ပေးနေပါတယ်" ဟု ၎င်းက ပြောပြသည်။


စာမျက်နှာ ၈ ကော်လံ ၅






## မြန်မာ့ကော်ဖီ ၃၆ တန် အမေရိကန်သို့ ပထမဦးဆုံးတင်ပို့ရန် စာချုပ်

သတင်း-တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-မြန်မာကော်ဖီအသင်း

**ရန်ကုန် မေ ၁၃**

အရပ်သားအစိုးရတက်လာပြီးနောက် နိုင်ငံတကာ၏အကူအညီအထောက်အပံ့များ မြောက်မြားစွာရရှိလာခြင်းနှင့်အတူ စီးပွားရေးအခွင့်အလမ်းများသည်လည်း ပိုမိုပွင့်လန်းလာခဲ့ပြီဖြစ်သည်။

စိုက်ပျိုးရေးတောင်သူများအတွက် ဝမ်းမြောက်ဖွယ်သတင်းတစ်ပုဒ်ကို ယခုရက်ပိုင်းအတွင်း ကြားသိလာရသည်။ မြန်မာ့ကော်ဖီကို အမေရိကန်နိုင်ငံမှ ပထမဦးဆုံးအကြိမ် ဝယ်ယူမည်ဆိုသည့် သတင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံကော်ဖီအသင်းမှ ဦးငွေထွန်းက "ကျွန်တော်တို့အသင်းအနေနဲ့က အဓိက အရောင်းအဝယ်မဟုတ်ပါဘူး။ မြန်မာနိုင်ငံကော်ဖီအသင်းအောက်မှာ စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ရောင်းချသူ အစုအဖွဲ့တွေရှိပါတယ်။ ပြင်ဦးလွင်၊ ရွာငံ၊ မိုးကုတ်၊ နောင်ချို၊ ချင်းပြည်နယ်နဲ့ ရန်ကုန်မြို့တွေမှာ


စာမျက်နှာ ၈ ကော်လံ ၁





**ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း**

၁၃ - ၅ - ၂၀၁၆

| | | |
|---|---|---|
| နေပြည်တော် | ၈ | ဒသမ ၆ |
| ရန်ကုန် | ၁၀ | ဒသမ ၃ |
| မန္တလေး | ၅ | ဒသမ ၀ |




**မြန်မာ့အလင်း**

# ပေးသူယူသူ အတူတူအပြစ်ရှိ

ယခုမေလ၏ နောက်ဆုံးရက်သတ္တပတ်သည် ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေး ရက်သတ္တပတ်ဖြစ်သည်။ ကျောင်းအပ်နှံရေး ရက်သတ္တပတ် မေ ၂၅ ရက်မှ ၃၁ ရက်ကာလအတွင်း ကျောင်းသားကျောင်းသူများ၏ ကျောင်းအပ်နှံခြင်းလုပ်ငန်းများကို အချိန်မီဆောင်ရွက်ကြရမည်ဖြစ်ပြီး ကျောင်းအပ်နှံရေးလှုထုလှုပ်ရှားမှုအသွင် ဆောင်ရွက်သွားမည်ဟု သိရသည်။

ယခုနှစ်တွင် သူငယ်တန်းမှ ကျောင်းဝင်ကြမည့် ကျောင်းသားကျောင်းသူကလေးငယ်များအတွက် သူငယ်တန်းသင်ရိုးညွှန်းတမ်းသစ်က စာသင်ခန်းများဆီမှ လက်ကမ်းကြိုဆိုလျက်ရှိနေပြီဖြစ်သကဲ့သို့ မိမိတို့သားငယ်သမီးငယ်များအတွက် ပထမဆုံးသော သင်ယူမှုအတွေ့အကြုံများကို မိဘများကလည်း စိတ်ဝင်တစားရှိနေကြသည်ကိုတွေ့ရသည်။ သူငယ်တန်းကလေးငယ်များကို သင်ကြားပေးကြမည့် ဆရာ ဆရာမများမှာလည်း သူငယ်တန်းသင်ရိုးသစ် သင်ကြားပို့ချနိုင်ရေးအတွက် နွေရာသီကျောင်းပိတ်ရက်အတွင်း သင်တန်းများ တက်ရောက်ခဲ့ကြပြီးဖြစ်သည်။

အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးသီတင်းပတ်အတွင်း ကျောင်းအပ်နှံသူ ကျောင်းသားများထံမှ မည်သည့်ငွေကြေး တစ်စုံတစ်ရာမျှ ကောက်ခံခြင်းမပြုရန် ပညာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားပြီးဖြစ်သည်။ ငွေကြေး၊ လက်ဆောင်ပစ္စည်းတို့ကို လက်ခံခြင်းမပြုရန်၊ ကျောင်းတံဆိပ်၊ ကျောင်းစာအုပ်ရောင်းချခြင်း၊ တံမြက်စည်း၊ သောက်ရေအိုး၊ သန့်ရှင်းရေးကြေးစသည်တို့ ကောက်ခံခြင်းမပြုရန် ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများအပါအဝင် ပညာရေးဝန်ထမ်းများကို ညွှန်ကြားထားသကဲ့သို့ မိဘပြည်သူများကလည်း ငွေကြေးနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခြင်းမပြုရန် မေတ္တာရပ်ခံထားသည်။

ပညာသင်နှစ် အစ ကျောင်းအပ်နှံသည့်ကာလအတွင်း ကျောင်းသားမိဘများထံမှ ငွေကောက်ခံခြင်းမပြုရန် ညွှန်ကြားချက်များ နှစ်စဉ်ထုတ်ပြန်ခဲ့သည်မှာ ယခင်အစိုးရများလက်ထက်ကတည်းကပင်ဖြစ်ပြီး အကြောင်းအရာအမျိုးမျိုး၊ ခေါင်းစဉ်အမျိုးမျိုးပြ၍ ငွေကြေးကောက်ခံမှုများမှာလည်း ပျောက်ကွယ်မသွားဘဲ ဆက်လက်တည်မြဲနေခဲ့သည်။ အထူးသဖြင့် သူငယ်တန်း၊ ပဉ္စမတန်း၊ နဝမတန်းစသည်ဖြင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများ ကူးပြောင်းတက်ရောက်ရာတွင် ကျောင်းသားမိဘများက မိမိတို့စိတ်တိုင်းကျကျောင်းများတွင် ကျောင်းဝင်ခွင့်ရရေး၊ နယ်မြေကျော်၍ ကျောင်းအပ်နှံနိုင်ရေး၊ အသက်မပြည့်သေးသည့် ကလေးငယ်ကို ကျောင်းထားနိုင်ရေး၊ မိမိတို့သားငယ်သမီးငယ်များကို ဆရာ ဆရာမများက မျက်နှာသာပေးရေး စသည်တို့ကို အကြောင်းပြုကာ ငွေကြေးနှင့်တကွ တံစိုးလက်ဆောင်အမျိုးမျိုးတို့ ပေးအပ်ခဲ့ကြသည်မှာ အစဉ်အလာတစ်ရပ်သဖွယ် ဖြစ်နေခဲ့ပြီဖြစ်သည်။ အထူးသဖြင့် နာမည်ကြီးကျောင်းများတွင် ကျောင်းအပ်နှံခွင့်ရရေးအတွက် ကျပ်သိန်းနှင့်ချီကာပေးကြရပြီး အတန်းပိုင်ဆရာ ဆရာမများကို ခွဲတမ်းသဘောမျိုးဖြင့် ခွင့်ပြုထားခဲ့သည့် သာဓကအချို့ရှိခဲ့သည်။

ခေတ်စနစ်တို့ပြောင်းလဲမှုကို လိုလားသူများအနေဖြင့် မိမိတို့ကိုယ်တိုင်၏ အကျင့်ဟောင်းများကိုလည်း ပြောင်းလဲကြရမည်ဖြစ်သည်။ အစိုးရအဖွဲ့သစ်အနေဖြင့် ဝန်ထမ်းလောကအတွင်း ကင်ဆာရောဂါသဖွယ် အမြစ်တွယ်နေသည့် လာဘ်ပေးလာဘ်ယူမှုများကို လျှော့နည်းပပျောက်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း မိမိတို့အလိုဆန္ဒတစ်ခုအတွက် ဝန်ထမ်းများအား လာဘ်လာဘပေးကာ ဖျက်ဆီးမှုမပြုဖို့ လိုသည်။ လာဘ်ပေးလာဘ်ယူမှုဟူသည် ယူသူမှာသာမက ပေးသူမှာပါ အပြစ်ရှိကြောင်း သတိချပ်ကြရမည်။ ။




## နေပြည်တော်နှင့် မန္တလေး မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၁၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

အမြင့်ဆုံး အပူချိန်အနေဖြင့် ရန်ကုန်နှင့် မန္တလေးတို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်တွင် ၄၁ ဒီဂရီစင်တီဂရိတ်တို့ဖြစ်သည်။

**(မြန်မာ့အလင်း)**

# အစိုးရဝန်ကြီးဌာနများ၏ ပြည်သူ့အတွက် ပထမရက် (၁၀၀) အစီအစဉ်အား ပြည်သူများသိရှိနိုင်စေရန် လွှင့်တင်ဆောင်ရွက်

**နေပြည်တော် မေ ၁၃**

ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများ၏ ရက်ပေါင်း (၁၀၀) ကာလအတွင်း ပြည်သူကိုမျက်နှာမူပြီး အလေးထားဆောင်ရွက်သွားမည့် ဝန်ကြီးဌာနတစ်ခုချင်းစီ၏ တိုးချဲ့/ဖြေလျှော့ လုပ်ဆောင်ချက်များကို ပြည်သူများသိရှိနိုင်စေရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ နေ့အလိုက်ပြသမည့် အချိန်၊ နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်း၊ ကြေးမုံတို့တွင် ဖော်ပြပါရှိမည့် နေ့စွဲ၊ စာမျက်နှာတို့ကို **MOI Webportal Myanmar Facebook** နှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် Blue Ocean Operating Management Co.Ltd တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော **MOI Call Center Hot Line (1883)** တို့တွင် မေလ ၁၃ ရက်နေ့မှစတင်၍ ပြည်သူများသို့ ကြိုတင်သတင်းပေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# မန္တလေးဈေးချိုမှ ၈၄ လမ်း ဖြတ်သန်းဖောက်လုပ်ထားသည့် လူကူးခုံးကျော်တံတားကို ယခုလကုန်တွင် ဖျက်သိမ်းမည်

**မန္တလေး မေ ၁၃**

မန္တလေးဈေးချိုမှ ၈၄-လမ်းသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် လူကူးခုံးကျော်တံတားအား ဖျက်သိမ်းသင့်ကြောင်း ဈေးအကျိုးတော်ဆောင်များနှင့် ဈေးသူဈေးသားများမှ တင်ပြချက်ကို မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ပြီး မေလကုန်တွင် ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားအရှေ့ဘက် လူကူးတံတားအတက်လမ်းသည် ၂၇-လမ်း၏ အလယ်တွင်ရှိနေပြီး လမ်းဘေးဆိုင်များရှိနေခြင်းနှင့် နှစ်လမ်းမောင်းဖြစ်၍ ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပေါ်နေသည့်အပြင် တံတားပေါ်အသုံးပြုသူ နည်းပါးလွန်းနေကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။

“ဈေးကော်မတီနဲ့ ဈေးသူဈေးသားတွေ တင်ပြတောင်းဆိုလို့ မြို့တော်ဝန်နဲ့ စည်ပင်က သက်ဆိုင်သူတွေ ကွင်းဆင်းကြည့်ရှုပြီးမှ ခုလိုလုပ်တာဖြစ်တယ်။ဖျက်သိမ်းရေးလုပ်ရင် ဈေးသူဈေးသားတွေအန္တရာယ်ကင်းဖို့နဲ့ အနှောင့်အယှက်မဖြစ်အောင် အဖိတ်နေ့ညပိုင်းကစပြီး ဈေးပိတ်တဲ့ ဥပုသ်နေ့မှာ တစ်နေ့လုံးနဲ့တစ်ညလုံး အပြီးဖျက်မှာ ဖြစ်ပါတယ်။

“ တံတားကို cutter နဲ့ ဖြတ်မယ်။ ကရိန်းကားနဲ့ဖယ်ရှားပြီး ကျန်တဲ့ရှင်းလင်းရေးတွေ ဆက်လုပ်မယ်” ဟု မြို့တော်စည်ပင်သာယာမှ လမ်း၊ တံတားဌာနမှူး ဦးမျိုးအောင်က ပြောသည်။

ယခင်က ဈေးချိုတော်အသစ်ပြန်လည်တည်ဆောက်ပြီးနောက် ၂၆ လမ်းမှ ၂၈ လမ်းအတွင်း ၈၄ လမ်းပေါ်တွင် အလယ်မှ သံဆန်ခါများတပ်ဆင်ထားပြီး နှစ်လမ်းမောင်းဖြစ်၍ ဈေးချိုလာရောက်သူများ လမ်းကူးရန်အတွက် လမ်းဖြတ်လူကူး တံတားကို တည်ဆောက်ခဲ့ခြင်းဖြစ်ရာ ယနေ့တွင် တစ်လမ်းမောင်း သတ်မှတ်ထားပြီး သံဆန်ခါများမရှိတော့၍ တံတားအသုံးပြုသူနည်းပါးကြောင်း တွေ့ရှိရသည်။

ဖျက်သိမ်းရေးလုပ်ဆောင်ရာတွင် Safety လုံခြုံမှုနှင့် ဘေးကင်းရေးအဓိကဖြင့် အများပြည်သူ လုပ်ငန်းဆောင်ရွက်မှုအတတ်နိုင်ဆုံးမထိခိုက်ရန်နှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အချိန်ယူမှု အနည်းဆုံးဖြစ်ရန်၊ သွားလာရေးအဆင်ပြေရန်တို့ကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၃-၅-၂၀၁၆

**ခင်ရတနာ-စုစည်းသည်။**

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၁၅၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၇၀ / ၅၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀ / ၅၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၁၀ / ၅၄၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၆၈.၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၈.၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၄၉.၈၉ |
| ထိုင်း | တစ်ဘတ် | ၃၃.၀၃၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၉၆ |
| တရုတ် | တစ်ယွမ် | ၁၇၉.၂၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၉.၄၀ |

**မြန်မာ့အလင်း**
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
**Myanma Alinn Daily**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
ကြော်ငြာ - ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈
Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ - ၀၁-၅၄၄၃၁၇၊
Fax- ၀၁-၈၆၀၄၅၄၆

# (၆၈)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲကျင်းပ

**ရန်ကုန် မေ ၁၃**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာနက ကြီးမှူးကျင်းပခဲ့သော (၆၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋက ကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့ အာဇာနည် အရှင်သူမြတ် ၇၉ ပါးတို့ အား ချီးကျူးပူဇော်ပွဲနှင့် အောင်လက် မှတ် ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ သီရိမင်္ဂလာ ကမ္ဘာ အေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြုသော ဧည့်ပရိသတ်များက တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ် ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ လှိုင်သာယာမြို့နယ် သာသနာ့ဂုဏ်ရည် ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တပညိဿရာ ဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက် တည်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့၏ သာရဏီယဩဝါဒ



ဒုတိယသမ္မတ ဦးမြင့်ဆွေ တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အရှင်ပညာဝံသာဘိဝံသအား တိပိဋကဓရ အောင်လက်မှတ်တော် ဆက်ကပ်စဉ်

ကထာကို နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော် ကျောင်းတိုက် ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသက ဖတ်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုက သာသနာရေး ဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် (၆၈) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ် ရေးစာမေးပွဲအောင် သာသနာ့အာဇာ နည်အရှင်သူမြတ်များအား ဘွဲ့တံဆိပ် တော်နှင့် အောင်လက်မှတ်များကို ဆက် ကပ်ကြရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ က တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တိပိဋက မဟာ ဂန္ထဝင် နိကာယ်ကျောင်းတိုက်မှ အရှင် ပညာဝံသာဘိဝံသအား တိပိဋကဓရ ဘွဲ့တံဆိပ်တော်၊ တိပိဋကဓရ အောင် လက်မှတ်တော်နှင့် အဆောင်အယောင် တို့ကို ဆက်ကပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် သူရဦးအောင်ကို၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူ များက မူလအဘိဓမ္မကောဝိဒအောင် သာသနာ့အာဇာနည် နှစ်ပါး၊ မူလ အာဘိဓမ္မိကအောင် သာသနာ့အာဇာ နည်တစ်ပါး၊ ဒီဃဘာဏကအောင် သာသနာ့အာဇာနည် နှစ်ပါး၊ ဝိနယ ကောဝိဒအောင် သာသနာ့အာဇာနည် ၁၀ ပါး၊ ဝိနယဓရအောင် သာသနာ့ အာဇာနည် ၁၆ ပါး၊ ဥဘတောဝိဘင်္ဂ ကောဝိဒအောင် သာသနာ့အာဇာနည် ၁၀ ပါး၊ ဥဘတောဝိဘင်္ဂဓရအောင် သာသနာ့အာဇာနည် ၃၇ ပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ် များကို ဆက်ကပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အကျိုးတော်ဆောင်



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဆရာတော်အား အောင်လက်မှတ် ဆက်ကပ်စဉ်

သန်လျင်မင်းကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ထံမှ ဧည့်ပရိသတ်များက အနုမောဒနာ ရေစက်ချတရားကို နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။



အခမ်းအနားအပြီးတွင် တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သံဃာတော် များအား ဒုတိယသမ္မတ ဦးမြင့်ဆွေ နှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ အမှူးပြု သော အဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များ က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်း လှူကြသည်။ **(ဝဲပုံ)**

၁၉၄၈ ခုနှစ် မြန်မာနိုင်ငံလွတ်လပ် ရေးရရှိတော့မည့် အကြိုကာလ ကတည်းက နိုင်ငံတော်အနေဖြင့် လွတ် လပ်ရေးရရှိပြီးပါက ဆဋ္ဌသံဂါယနာ တင်ရန် အာသီသ ပြင်းထန်လျက်ရှိရာ ထိုသတင်း စကားကြားသိကြသော ကျန် ထေရဝါဒ နိုင်ငံများက သံဂါယနာ တင်ရန်မှာ ပိဋကသုံးပုံ အာဂုံဆောင် ပုဂ္ဂိုလ်များရှိမှသာ သံဂါယနာတင်နိုင် ခွင့်ရှိကြောင်း ဝေဖန်ပြောဆိုချက် ကြောင့် ပိဋကအာဂုံဆောင်ပုဂ္ဂိုလ်များ ပေါ်ထွန်းစေရေးရည်ရွယ်လျက် တိပိဋက ဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးကို နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရ သည်။

**(သတင်းစဉ်)**

# စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်အတွက် ကဏ္ဍအလိုက်လုပ်ငန်းတာဝန်များ သတ်မှတ်ဆောင်ရွက်




**နေပြည်တော် မေ ၁၃**

စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီအစည်းအဝေး(၁/၂၀၁၆)ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီ နာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။ **(ယာပုံ)**

ရှေးဦးစွာ ဒုတိယသမ္မတက မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ စီမံကိန်းများအား စောင့်ကြည့်အကဲဖြတ်ခြင်းတို့တွင် ခိုင်မာသည့် အခြေခံစာရင်းအင်း အချက်အလက်များသည် အရေးကြီးပါကြောင်း။

နိုင်ငံတိုင်းလိုလိုသည် စာရင်းအင်းများ ကောက်ယူခြင်း၊ စုစည်းခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပြန်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ခိုင်မာသည့် ဥပဒေ၊ မူဘောင်များ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်နေသော စီးပွားရေး၊ လူမှုရေးအခြေအနေများကို ထင်ဟပ်နိုင်သည့် စာရင်းအင်း အချက်အလက်ကောင်းများ ထွက်ပေါ်လာနိုင်ရန်အတွက် ရရှိလာသည့် စီးပွားရေး၊ လူမှုရေးဆိုင်ရာ စာရင်းအင်းများ ရှေ့နောက် ညီညွတ်မှုရှိရန်၊ အချိန်မီရရှိရန်၊ ယုံကြည်ကိုးစားနိုင်ရန် စသည့် ခိုင်မာသော စာရင်းအင်းများဖြစ်ရန် လိုအပ်ပါကြောင်း။

ကျန်းမာရေး၊ ပညာရေး၊ သစ်တော၊ မြေယာအသုံးချမှုစသည့် ကဏ္ဍများတွင် နိုင်ငံတော်၊ ပုဂ္ဂလိက၊ သမဝါယမစာရင်းအင်းများ ကောက်ယူစုစည်း ရရှိနိုင်ရေးအတွက် အားထုတ်ဆောင်ရွက်ရန် လိုအပ်သဖြင့် ခိုင်မာသည့် စာရင်းအင်း အချက်အလက်များ ပေါ်ထွက်လာနိုင်ရန်အတွက် စာရင်းအင်းနှင့် ဆက်နွယ်သည့် ဝန်ကြီးဌာနများ၊ ဌာနအဖွဲ့အစည်းများအနေဖြင့် မိမိတို့လုပ်ငန်းနှင့် ဆက်စပ်သော ပုဂ္ဂလိကစာရင်းအင်းများကို တာဝန်ယူ စုစည်းပေးရန် ဖြစ်ပါကြောင်း။

ထိုသို့ ခိုင်မာမှန်ကန်သည့် ကိန်းဂဏန်းစာရင်းအင်း အချက်အလက်များ စုစည်းပြီး စိစစ်သုံးသပ်အကဲဖြတ်မှုပြုလုပ်မှသာ မှန်ကန်သည့် စီးပွားရေး၊ လူမှုရေး၊ မူဝါဒနှင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်မည် ဖြစ်ပါကြောင်း။

စာရင်းအင်း အရည်အသွေးများ စိစစ်ရန် နည်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ လိုအပ်သည့်အတွက် သက်ဆိုင်ရာ စာရင်းအင်းအဖွဲ့များအနေဖြင့် စွမ်းရည်အရည်အသွေးမြှင့်တင်ရန်၊ အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့် ကိုက်ညီစေရန်နှင့် ခေတ်မီနည်းပညာများဖြင့် စုစည်းတွက်ချက်ထုတ်ပြန်ရာတွင် ထိရောက်မှုရှိစေရန်အတွက် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်း၍ နည်းပညာများကို ညှိနှိုင်းရယူစီစဉ်ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း။

နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများတွင် ကျင့်သုံးနေသည့် စာရင်းအင်းစနစ်နှင့် ထုတ်ပြန်ထားသည့် စာရင်းအင်း စာစောင်များနည်းတူ မြန်မာနိုင်ငံ၏ အမျိုးသား စာရင်းအင်းစနစ်ကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်၊ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေး ပြည့်ဝစေရေးအတွက် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ပြည်သူ စသည်တို့ ပူးပေါင်းပါဝင်နိုင်သည့် Platform တစ်ရပ် ထူထောင်ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း။

ယခုအစည်းအဝေးတွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု မူဝါဒများ ချမှတ်ရေးနှင့် ထိရောက်သည့် နှစ်တို၊ နှစ်ရှည် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲချမှတ်ရာတွင် အလွန်အရေးပါသည့် စာရင်းအင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးအတွက် တက်ရောက်လာသူများမှ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း ရှင်းလင်းတင်ပြစဉ်

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက စာရင်းအင်းလုပ်ငန်းစဉ်များ ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် အရည်အသွေးပြည့်ဝသည့် စာရင်းအင်းကိန်းဂဏန်းများ ထုတ်ပြန်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ လက်ရှိကျင့်သုံးလျက်ရှိသည့် ၁၉၅၂ ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်အက်ဥပဒေကိုလည်း အာရှဖွံ့ဖြိုးရေးဘဏ်၏ အထောက်အပံ့နှင့် ပြည်ပကျွမ်းကျင်မှုအကူအညီရယူကာ နိုင်ငံတကာစံနှုန်းများနှင့်အညီ အသစ်ပြန်လည်ရေးဆွဲခဲ့ပြီး မူကြမ်းကို လွှတ်တော်သို့ ပေးပို့ထားပြီးဖြစ်ကြောင်း၊ အမျိုးသားစာရင်းအင်းစနစ်ဆိုင်ရာ မူဝါဒအနှစ်ချုပ်ကိုလည်း အစည်းအဝေးတွင် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဖြန့်ဝေအသိပေးထားပါကြောင်း၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ရေးစီမံချက်အတွက် လုပ်ငန်းကဏ္ဍအလိုက် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ကာ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်စီးပွားရေးအခြေပြစာစောင်နှင့် နှစ်စဉ်စာရင်းအင်းစာစောင် (၂၀၁၅ ခုနှစ်)ကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ ထုတ်ပြန်နိုင်ခဲ့ပြီး နှစ်စဉ်စာရင်းအင်းစာစောင်(၂၀၁၆ ခုနှစ်)ကိုလည်း ပိုမိုကောင်းမွန်ပြည့်စုံအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ KOICA အကူအညီဖြင့် MMSIS Website (www.mmsis. gov. mm) အချက်အလက် ရှာဖွေသူများအတွက် အထောက်အကူဖြစ်စေရန် စီစဉ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်းနှင့် စာရင်းအင်းလုပ်ငန်းစဉ်များ ပီပြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့် အရည်အသွေးပြည့်သည့် စာရင်းအင်းကိန်းဂဏန်းများ ထုတ်ပြန်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စီးပွားရေးဝန်ကြီးများ၊ ဝန်ကြီးဌာနအသီးသီးမှ အမြဲတမ်းအတွင်းဝန်များနှင့် ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြပြီး စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ထုတ်လုပ်မှုနှင့် ကျန်းမာရေး၊ ပညာရေး၊ သစ်တော၊ မြေယာအသုံးချမှုကဏ္ဍများမှ နိုင်ငံတော်၊ ပုဂ္ဂလိက၊ သမဝါယမစာရင်းအင်းများ ကောက်ယူနိုင်ရေး၊ ခိုင်မာမှန်ကန်သည့် ကိန်းဂဏန်းစာရင်းအင်း စုစည်းအကဲဖြတ်နိုင်ရေး၊ ပြည်တွင်း ပြည်ပ ပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်း၍ နည်းပညာများရယူနိုင်ရေး၊ စာရင်းအင်းပြုစုသည့် ဝန်ထမ်းများကို စွမ်းရည်မြှင့်တင်ပေးရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics- NSDS) အကောင်အထည်ဖော်ဆောင်ရေးစီမံချက်အား World Bank, ADB, IMF တို့နှင့် ၂၀၁၆ ခုနှစ် ဇွန်လကုန်တွင် အပြီးသတ်ပူးပေါင်းဆောင်ရွက်ရန်ရှိပြီး (NSDS) ဖော်ဆောင်နိုင်ရေးအတွက် တစ်မျိုးသားလုံးဆိုင်ရာ စာရင်းအင်းများ လုပ်ငန်းအဖွဲ့(National Account Statistics)၊ စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့ (Survey Coordination and Statistical Standard)၊ လူမှုရေးဆိုင်ရာ စာရင်းအင်းများနှင့် မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာစာရင်းအင်းများလုပ်ငန်းအဖွဲ့ (Social and Vital Statistics)၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဆိုင်ရာ စာရင်းအင်းများလုပ်ငန်းအဖွဲ့ (Agriculture and Rural Sector Statistics)၊ စွမ်းအင်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်းသော စာရင်းအင်းလုပ်ငန်းအဖွဲ့ (Energy and Environment Statistics) နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစာရင်းများ လုပ်ငန်းအဖွဲ့ (Trade and Investment Sector Statistics) များဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## သတင်းခန်းနေ့စဉ်လည်ပတ်မှုနှင့် သတင်းစာ ဖြန့်ဝေမှုအခြေအနေများ ရှင်းလင်းဆွေးနွေး

**ရန်ကုန် မေ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် Global Direct Link Co., Ltd. တို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် The Global New Light of Myanmar သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စာတည်းမှူးချုပ်၊ စာတည်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးက သတင်းစာတိုက်များအနေဖြင့် လွတ်လပ်စွာ သတင်းများ ရေးသားခွင့်ရှိကြောင်း၊ သို့ရာတွင် နိုင်ငံရေး၊ ဘာသာရေး၊ လူမျိုးရေးအပေါ် ထိလွယ်ရှလွယ်ဖြစ်မည့် အကြောင်းအရာများကိုမူ စာနယ်ဇင်းကျင့်ဝတ်နှင့်အညီ ရေးသားရန်ဖြစ်ကြောင်း၊ သတင်းရေးသားရာတွင် ဘက်လိုက်မှုကင်းပြီး မှန်ကန်မျှတစွာ နှစ်ဖက်အမြင်ဖြင့် ရေးသားဖော်ပြရမည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲတွင် တာဝန်ရှိသူများက The Global New Light of Myanmar သတင်းစာတိုက်၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုနှင့် သတင်းစာတိုက်၏ မူဝါဒများ၊ သတင်းခန်းနေ့စဉ်လည်ပတ်မှုနှင့် သတင်းစာဖြန့်ဝေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး စာတည်းအဖွဲ့ဝင်များကလည်း တစ်ဦးချင်း ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းပြီး ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးသည်။

**(သတင်းစဉ်)**

## ကချင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးအတွက် အလှူငွေပေးအပ်

**မြစ်ကြီးနား မေ ၁၃**

ကချင်ပြည်နယ်အတွင်း လေဘေး၊ ရေဘေးကြောင့် ဒုက္ခရောက်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက် ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံး၌ အလှူငွေပေးအပ်ပွဲကို မေ ၁၃ ရက်က ကျင်းပခဲ့သည်။

ယင်းအခမ်းအနားတွင် အဖြူရောင်နှလုံးသားပိုင်ရှင်များ (Golden Land) ပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းအောင်က လေဘေး၊ ရေဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကောက်ခံရရှိထားသော အလှူငွေကျပ် ၂၂၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းသိန်းက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါပေးအပ်ပွဲသို့ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အဖြူရောင်နှလုံးသားပိုင်ရှင်များ(Golden Land) ပရဟိတအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## မုန်းတမံရေပိုလျှံအသစ် ဖောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း

**စေတုတ္တရာ မေ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နှင့် ပွင့်ဖြူမြို့နယ်များ ရေလွှမ်းမိုးမှုကင်းစေရန်ရည်ရွယ်၍ မုန်းချောင်းရေလှောင်တမံတွင် မုန်းတမံ ရေပိုလျှံအသစ် ဖောက်လုပ်ခြင်းကို ပြည်သူများသို့ ရှင်းလင်းပွဲအခမ်းအနားကို စေတုတ္တရာမြို့နယ် ဓမ္မစကူးခန်းမ၌ ယနေ့ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် စေတုတ္တရာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ ဦးဝင်းမြင့်ထွေးက အမှာစကားပြောကြားပြီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး ဦးညွန့်ငွေးက မုန်းတမံရေပိုလျှံအသစ် ဖောက်လုပ်ခြင်းအား ပြည်သူလူထုသို့ ရှင်းလင်းဆွေးနွေးရာ ရေပိုလျှံအသစ်သည် မြေသားဖြင့် ပြုလုပ်၍ အမြင့် ၁၅ ပေထားရှိမည်ဖြစ်ပြီး စေတုတ္တရာမြို့အတွက် ရေဘေးအန္တရာယ်မရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် တက်ရောက်လာသူများက မရှင်းလင်းသည်များကို မေးမြန်းရာ ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

# တိုင်းပြည်ကို ဒီမိုကရေစီနည်းလမ်းတကျ ဖော်ဆောင်သွားနိုင်ရေးသည် တပ်မတော်၏ အလိုလားဆုံးဆန္ဒဖြစ်

**နေပြည်တော် မေ ၁၃**



ထာဝရငြိမ်းချမ်းရေး ရချင်ကြောင်း၊ ဒီငါးနှစ်အတောအတွင်း ငြိမ်းချမ်းရေးရအောင်လုပ်ကြမည်ဟု ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ပြောထားကြောင်း၊ ဒါကို ဒေါ်အောင်ဆန်းစုကြည်က လက်ခံပါကြောင်း၊ ငြိမ်းချမ်းရေး စောစောရလေကောင်းလေဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးအတွက် ပြည်သူလူထုလက်ခံထားသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် ပါဝင်လာရန်သာလိုကြောင်း၊ ဒါဆို ပြည်သူများ လိုလားသည့်အဖြေကို ပေးနိုင်မည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဘုရင့်နောင်ရိပ်သာ၌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ပြည်တွင်းသတင်းမီဒီယာများနှင့် တွေ့ဆုံစဉ် **(ယာပုံ)** ပြောကြားလိုက်သည်။

ထာဝရငြိမ်းချမ်းရေးကို လက်ရှိအစိုးရသက်တမ်းငါးနှစ်အတွင်း ဆောင်ရွက်နိုင်မည်ဆိုပါက တပ်မတော်အနေဖြင့် နိုင်ငံရေးမှအပြီးအပိုင် ထွက်ခွာပေးရန်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က "အချိန်မရွေး ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး လက်မှတ်ထိုးပါ။ အဲဒီအတွက် အမြဲတမ်းတံခါးဖွင့်ထားပါတယ်။ ကြုံတိုင်းလည်း ပြောနေပါတယ်။ အခုကပါတီစုံဒီမိုကရေစီစနစ်ကို သွားနေပါတယ်။ ဒီလိုသွားနေတဲ့အချိန်ဖြစ်ပါတယ်" ဟု တပ်မတော်၏ ငြိမ်းချမ်းရေးအပေါ် မဟုတ်ဘဲ ဝင်လာလျှင် တားရမည့်သဘောထားကို ပြောသည်။

လက်ရှိ တိုက်ပွဲဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးထားကြောင်း၊ အစိုးရ၏ ယန္တရားတစ်ခုခုကို ထိခိုက်လာမည်ဆိုလျှင် တပ်မတော်အနေဖြင့် ဒီအတိုင်း ကြည့်နေ၍မရကြောင်း၊ တပ်မတော်သည် ပြည်တွင်းပြည်ပ အန္တရာယ်များကိုကာကွယ်ရန် တာဝန်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ၎င်းတို့အား သတ်မှတ်ပေးထားသော နေရာများတွင်သာ နေထိုင်ပါက ဘာမှသွားမလုပ်ကြောင်း၊ သို့သော် သတ်မှတ်ထားသည့် နယ်မြေမဟုတ်ဘဲ ဝင်လာလျှင် တားရမည့်တာဝန်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းပြောကြားသည်။

တစ်ဖက်နှင့်တစ်ဖက် မိမိတို့၏ အခြေအနေကို နားလည်ရန်လိုကြောင်း၊ ကိုယ့်အခြေအနေကို နားမလည်ဘဲ ကိုယ်လိုချင်သည့် ဆန္ဒတစ်ခုကိုသာ ရှေ့တန်းတင်ပြီး လုပ်နေလျှင် ယခုကဲ့သို့ ပြဿနာရှိနေမည်ဖြစ်ကြောင်း၊ မိမိတို့ဘက်က ထိန်း၍ရကြောင်း၊ သူတို့ဘက်တွင် ယခုပြဿနာများကို မထိန်းနိုင်သေးဘူးဟုမြင်ကြောင်း၊ သူတို့ ထိန်းနိုင်မည်ဆိုလျှင် လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲများ တော်တော်ပျောက်သွားမည်ဟု ယူဆကြောင်း၊ ငြိမ်းချမ်းရေးလိုချင်ကြောင်း၊ တိုင်းပြည်ကို ဒီမိုကရေစီနည်းလမ်းတကျ ဖော်ဆောင်သွားနိုင်ရေးသည် တပ်မတော်၏ အလိုလားဆုံးဆန္ဒဖြစ်ကြောင်း။

NCA လက်မှတ်မထိုးသေးသည့် အဖွဲ့များရှိကြောင်း၊ လက်မှတ်ထိုးပြီးနောက်တစ်ဆင့်မှ နိုင်ငံရေးအခွင့်အရေးတောင်းဆို၍ ရမည်ဖြစ်ကြောင်း၊ လက်မှတ်မထိုးဘဲ နိုင်ငံရေးအခွင့်အရေးတောင်းဆိုသည်ကို ပေး၍မရကြောင်း၊ အလားတူ NCA နှင့် လက်မှတ်ရေးထိုးရန် အကျုံးမဝင်သည့်အတွက် TNLA, AA, MNDA အဖွဲ့များသည် လက်နက်စွန့်ရန်၊ လက်နက်နှင့် ငြိမ်းချမ်းရေးလုပ်မည်ကို အာမခံချက်ပေးရန်လိုကြောင်း၊ တိုင်းရင်းသားများ၏ သိက္ခာအပေါ်တွင် မူတည်ပြီး လက်နက်ချပါဟု မပြောကြောင်း၊ လက်နက်စွန့်ပေးပါဟုသာ ပြောလိုကြောင်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ငြိမ်းချမ်းရေးနှင့် စပ်လျဉ်း၍ ပြောသည်။

ဘင်္ဂါလီအရေးကိစ္စနှင့်ပတ်သက်၍လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နိုင်ငံတွင် ရိုဟင်ဂျာဆိုတာ မရှိကြောင်း၊ အတိအလင်းပြောရလျှင် မိမိတို့တိုင်းပြည်တွင် ရိုဟင်ဂျာမရှိကြောင်း၊ ဘင်္ဂါလီကတော့ရှိကြောင်း၊ ဘင်္ဂလားဒေသမှလာသူများကို လွယ်လွယ်ကူကူ ဘင်္ဂါလီဟု ခေါ်ခြင်းဖြစ်ကြောင်း၊ အင်္ဂလိပ်များက ဘင်္ဂလားနယ်မှ လူများကို အကြောင်းအမျိုးမျိုးဖြင့် ခေါ်လာခြင်းဖြစ်ပြီး သူတို့က ရောက်လိုက်၊ ထွက်သွားလိုက်နှင့် လုပ်ရာမှ ရောက်တာကများပြီး ထွက်သွားသူ နည်းသည့်အတွက် တဖြည်းဖြည်းနှင့် များလာခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ တွေ့ဆုံပွဲ၌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယခုနှစ်အတွင်း ပင်စင်ယူရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းမှုအပေါ် "လုပ်နိုင်တဲ့ကာလအထိ တပ်မတော်မှာပဲ ဆက်ပြီးလုပ်သွားမယ်လို့ ဆန္ဒရှိပါတယ်၊ ပင်စင်ယူဖို့အစီအစဉ် မရှိသေးပါဘူး" ဟု ပြန်လည်ဖြေကြားခဲ့သည်။

**မျိုးမြင့်၊ ကျော်သူထက်**

# တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မေ ၁၃**

ပြည်သူများ၏ မျှော်လင့်ချက်ဖြစ်သော တရားမျှတမှုရရှိရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးတို့အတွက် ထိန်းကျောင်းကြပ်မတ်သွားကြရမည်ဖြစ်ကြောင်း၊ ဥပဒေရုံးအဆင့်ဆင့်က အားလုံးဝိုင်းဝန်း၍ စံနမူနာပြ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများ၏ ယုံကြည်ကိုးစားမှုကိုရရှိနိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက ပြောကြားလိုက်သည်။





တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ အစည်းအဝေးခန်းမ၌ကျင်းပရာတွင်**(ယာပုံ)** ပြည်ထောင်စုရှေ့နေချုပ်က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ်က မိမိတို့ရုံးများသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍသုံးရပ်လုံးတွင် ပါဝင်ဆောင်ရွက်နေရပါကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေအရာရှိများသည် ဥပဒေရုံးအဆင့်ဆင့်၏လုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး၊ နိုင်ငံတော်အစိုးရ၏ပြုပြင်ပြောင်းလဲရေးဆိုင်ရာလုပ်ငန်းများ၊ မူဝါဒများ၊ ရက် ၁၀၀ စီမံချက် စသည်တို့ကို အပြည့်အဝအကောင် အထည်ဖော်ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ထို့အပြင် အဂတိကင်းစင်သောအသိုက်အဝန်း ဖြစ်လာစေရေးအတွက် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပြီး တာဝန်ရှိသူအဆင့်ဆင့်က စိတ်ရော ကိုယ်ပါ ပြောင်းလဲ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ယင်းနောက် လုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ အမှန်တကယ်ပြစ်မှုကျူးလွန်သူကို ထိုက်သင့်သည့်ပြစ်ဒဏ်ရရှိစေရန်နှင့် ပြစ်မှုကျူးလွန်ခြင်းမရှိသူကို တရားစွဲဆိုခြင်း၊ ချုပ်နှောင်ခြင်းများမရှိစေရန် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံဉာဏ်ပေးရာတွင် သတ်မှတ်ချိန်အတွင်း ပြန်ကြားပေးရန်၊ အမှုစစ်ဆေးမှု ကြန့်ကြာခြင်းများ မရှိစေရန်၊ အရေးကြီးသည့် သက်သေများကို တရားရုံးရှေ့အမြန်ဆုံးတင်ပို့နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ ရုပ်သိမ်းခွင့်တင်ပြလာသောမှုခင်းများကို ဥပဒေနှင့်အညီ အမြန်ဆုံးစိစစ်ဆုံးဖြတ် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တို့သည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနှင့် တရားရုံးအဆင့်ဆင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လွှတ်တော်အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များက သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ ညွှန်ကြားမှုနှင့်အညီ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုရှေ့နေချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေရှားပါးဒေသများတွင် ရေတွင်း၊ ရေကန်များတူးဖော်ရေး ယာဉ်၊ ယန္တရားများ စုဖွဲ့ထားရှိ

**နေပြည်တော် မေ ၁၃**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် ယနေ့ညနေ ၄ နာရီတွင် တာဝန်ရှိသူများ နှင့်အတူ ပျဉ်းမနားမြို့နယ် မြောက်လွှတ်ကုန်းရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ယာဉ်၊ ယန္တရားများထားရှိသည့် သိုလှောင်ရုံသို့သွားရောက်၍ ရေရှားပါးသည့်ဒေသများတွင် ရေတွင်း၊ ရေကန်များတူးဖော်ရေးအတွက် ယာဉ်၊ ယန္တရားများစုဖွဲ့ထားရှိမှုအခြေအနေနှင့် စေလွှတ်မည့်အစီအမံများကိုကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်နှင့်အညီ ဝန်ကြီးဌာန၏ ရက် (၁၀၀) စီမံကိန်းတွင် ပါဝင်သည့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်း တိုင်းဒေသကြီးတို့အတွင်းရှိ ရေရှားပါးသည့်ဒေသများတွင် ရေတွင်း၊ ရေကန် ၁၀၀ ကို ဒေသခံပြည်သူများ၏ တင်ပြချက်နှင့်အညီ တူးဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေအခက်အခဲမဖြစ်စေရေး မြေသားကန်တူးဖော်

**ပေါင် မေ ၁၃**

အယ်နီညိုဖြစ်စဉ်ကြောင့် မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ကျေးရွာပေါင်း ၂၂ ရွာတွင် ရေတွင်းရေကန်များ ခန်းခြောက်လာသဖြင့် ဒေသခံများ သောက်သုံးရေလိုအပ်မှုမရှိစေရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေ ၂၈၆၂၁၅ ဂါလန် ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် လာမည့်နွေရာသီတွင် ဒေသခံများရေရှားပါးမှုမရှိစေရေးအတွက် ဝဲပတန်ကျေးရွာ မြေသားရေကန်အား စက်ယန္တရားများဖြင့် ပြန်လည်တူးဖော်ပေးလျက်ရှိရာ အဆိုပါလုပ်ငန်းသို့ ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးကြည်နှင့်အဖွဲ့ မေ ၉ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**(မြို့နယ်ပြန်/ဆက်)**

# မြန်မာအပါအဝင် အာဆီယံဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည့် ဂျပန်- မဲခေါင်ချိတ်ဆက်မှုဆိုင်ရာ ကနဦးဆောင်ရွက်မှု

ကျော်ထိုက်စိုး

***အာဆီယံဒေသသည် ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာများကိုခွလျက် အာရှတိုက်၏ အလယ်ဗဟိုဌ် တည်ရှိသည်။ ကြီးမားသောဈေးကွက်ပိုင်ဆိုင်ထားသည့် လူဦးရေ သန်း ၆၀၀ ကျော်ရှိသော အာဆီယံဒေသသည် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးရေးအတွက် မောင်းနှင်အားတစ်ခုဖြစ်သလို ကုန်စည်ထုတ်လုပ်မှုနှင့် ကုန်စည်စားသုံးမှုတို့အတွက် အချက်အချာနေရာတစ်ခုဖြစ်လာခဲ့သည်။***

ထို့အပြင် အာဆီယံဒေသမှာ အာရှဒေသအတွင်း ငြိမ်းချမ်းရေးနှင့်ကြွယ်ဝ ချမ်းသာရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်။ ပြီးခဲ့သောနှစ်များအတွင်းအာဆီယံ-ဂျပန်ဆက်ဆံရေးမှာ နယ်ပယ်ကဏ္ဍအသီးသီးတွင် သိသိသာသာ တိုးတက်လာခဲ့သည်မှာ ငြင်းမရသောအချက်ပင်ဖြစ်သည်။

အာဆီယံ-ဂျပန်ကြား ဆက်ဆံရေးထူထောင်ခဲ့သော နှစ် ၄၀ မြောက် အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၃ ခုနှစ်အတွင်းက ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့ပြီး နှစ်ဖက်စလုံးက ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ကြွယ်ဝချမ်းသာရေးနှင့် တန်းတူညီမျှရေးအတွက် ဆက်ဆံရေးကိုခိုင်မာအောင်လုပ်ဆောင်မည်ဖြစ်ကြောင်း အတည်ပြုခဲ့ကြ သည်။ ထို့အပြင် အာဆီယံအသိုင်းအဝိုင်းတည်ထောင်ရေးအတွက် ဂျပန်နိုင်ငံက တရားဝင်ဖွံ့ဖြိုးရေးအကူအညီ (ODA) မှတစ်ဆင့် လာမည့်ငါးနှစ်အတွင်း ယန်း ၂ ထရီလီယံတန်ကြေးရှိ အကူအညီပေးရေးနှင့် အာဆီယံပေါင်းစည်းရေးအတွက် ဂျပန်-အာဆီယံ ပေါင်းစည်းရေးရန်ပုံငွေ (JAIF) မှတစ်ဆင့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ပံ့ပိုးရေး အစီအစဉ်သစ်တစ်ရပ်ကိုလည်း ထုတ်ပြန်ကြေညာခဲ့သည်။

ပြီးခဲ့သောနှစ်အနည်းငယ်အတွင်း အာဆီယံနှင့် ဂျပန်နိုင်ငံကြား စီးပွားရေးဆက်ဆံမှုမှာ သိသာစွာတိုးတက်လာခဲ့ပြီး ၂၀၁၃ ခုနှစ်နောက်ပိုင်း အာဆီယံဒေသမှာ အာရှတိုက်ရှိ ဂျပန်နိုင်ငံ၏ အကြီးမားဆုံးသော ပြည်ပရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာနေရာ တစ်ခုဖြစ်လာခဲ့သည်။ လွန်ခဲ့သောနှစ်နှစ်အတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ သွားရောက်လည်ပတ်သော ဂျပန်ခရီးသွားအရေအတွက်မှာ နှစ်ဆနီးပါးမြင့်တက်ခဲ့ပြီး ၂၀၁၃ ခုနှစ်အတွင်းက ၁ ဒသမ ၁၇ သန်းသာရှိရာမှ ၂၀၁၅ ခုနှစ်အတွင်း ၂ ဒသမ ၁ သန်းထိ ရောက်ရှိလာခဲ့သည်။

အာဆီယံပေါင်းစည်းရေးဖော်ဆောင်မှုမှာ သဘာဝအရင်းအမြစ်ပေါကြွယ်ဝသော မဲခေါင်ဒေသနိုင်ငံများအတွက် မရှိမဖြစ် လိုအပ်သလို မဲခေါင်ဒေသနိုင်ငံများ၏ လိုအပ်မှုကို ပံ့ပိုးရန် ပူးပေါင်းဆောင်ရွက်မှု မူဘောင်သစ်တစ်ရပ်ဖြစ်သည့် ဂျပန်-မဲခေါင်ချိတ်ဆက်မှုဆိုင်ရာ ကနဦးဆောင်ရွက်မှု (Japan-Mekong Connectivity Initiative) ကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်မည် ဖြစ်ပါသည်။

ထိုသို့ ဂျပန်-မဲခေါင်ချိတ်ဆက်မှုဆိုင်ရာ ကနဦးဆောင်ရွက်မှု အကောင်အထည်ဖော်ဆောင်ရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမိအိုခိရှိဒါ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဧပြီ ၂၉ ရက်မှစတင်၍ တရုတ်နှင့် အာဆီယံနိုင်ငံများဖြစ်သော ထိုင်း၊ မြန်မာ၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများသို့ ရှစ်ရက်ကြာခရီး စဉ်တစ်ခု စတင်ခဲ့ပါသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ရှိနေချိန်အတွင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမိအိုခိရှိဒါက မဲခေါင်မြစ်ကြောင်းတစ်လျှောက်ရှိ ငါးနိုင်ငံအတွက် လုပ်ငန်းမူဘောင်သစ်တစ်ရပ် ချမှတ်ကာ ယခုနှစ်မှစတင်၍ သုံးနှစ်အတွင်း အမေရိကန်ဒေါ်လာ ၇ ဘီလီယံ တန်ကြေးရှိ ဖွံ့ဖြိုးရေးအကူအညီများ ထောက်ပံ့မည်ဟု ကတိပြုခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ဂျပန်-မဲခေါင်ချိတ်ဆက်မှုဆိုင်ရာ ကနဦး ဆောင်ရွက်မှုအကောင်အထည်ဖော်ဆောင်ရာတွင် တောင်အာရှနိုင်ငံများနှင့် မဲခေါင်တိုင်းပြည်များကြား အဓိကနေရာမှချိတ်ဆက်ပေးမည့် မြန်မာနိုင်ငံသို့ မေလ ၂ ရက်နှင့် ၃ ရက်တို့တွင် နှစ်ရက်ကြာခရီးစဉ်အဖြစ် လာရောက်လည်ပတ်ခဲ့ပါသည်။



ဂျပန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အစိုးရသစ် ဦးစားပေးလုပ်ဆောင်လျက်ရှိသော အလုပ်အကိုင်ဖန်တီးရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံနှင့် ဘဏ္ဍာရေးနယ်ပယ်များတွင် ဂျပန်နိုင်ငံက အကူအညီပေးလိုကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ပါသည်။

ထို့အပြင် အစိုးရသစ်၏ အကြီးမားဆုံးသောစိန်ခေါ်မှုတစ်ခုဖြစ်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ဆောင်ရာတွင် ဂျပန်နိုင်ငံအနေဖြင့် အစွမ်းကုန် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်မည်ဟုလည်း ကတိပြုခဲ့သည်။ ရန်ကုန်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း၊ ရန်ကုန်မြို့ပတ်ရထားလမ်းကွန်ရက်နှင့် ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမကြီး အဆင့်မြှင့်တင်ရေး၊ တစ်တိုင်းပြည်လုံးလျှပ်စစ်မီးလင်းရေးစီမံကိန်း (National Electrification Project) နှင့် မြန်မာနိုင်ငံတွင် မကြာခဏဆိုသလိုဖြစ်ပွားလေ့ရှိသော ဓာတ်အားပြတ်တောက်မှုဖြေရှင်းရေးတို့အတွက် ဂျပန်နိုင်ငံက အလေးပေးကူညီသွားမည်ဟု ဂျပန် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူလိုက်ပါလာသော အဆင့်မြင့်အရာရှိကြီးတစ်ဦးက မြန်မာမီဒီယာသမားအချို့နှင့် သီးသန့်တွေ့ဆုံစဉ်အတွင်း ပြောကြားခဲ့ပါသည်။

ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဦးဆောင်သော အစိုးရလက်ထက်တွင် ဂျပန်အစိုးရက မြန်မာနိုင်ငံသို့ တရားဝင်ဖွံ့ဖြိုးရေးအကူအညီချေးငွေ ယန်း ၁၇၅ ဘီလီယံနှင့် နည်းပညာပိုင်းဆိုင်ရာအကူအညီ ယန်း ၆၅ ဘီလီယံ စုစုပေါင်းယန်း ၂၄၀ ဘီလီယံ ပံ့ပိုးကူညီရန် ကတိကဝတ်ပြုခဲ့ပြီး မြန်မာနိုင်ငံမှပေးဆပ်ရန် ကျန်ရှိသော ယန်း ၃၀၀ ဘီလီယံ ခန့်ရှိသော ကြွေးမြီများကိုလည်း လျှော်ပေးခဲ့ပါသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ၂၀၁၃ ခုနှစ် မေလအတွင်းက မြန်မာနိုင်ငံသို့ တရားဝင်လာရောက်လည်ပတ်ခဲ့ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များတိုးတက်ရေး၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိုဒီအေချေးငွေ ယန်း ၅၁ ဘီလီယံနှင့် နည်းပညာပိုင်းဆိုင်ရာအကူအညီ ယန်း ၄၀ ဘီလီယံ စုစုပေါင်း ယန်း ၉၁ ဘီလီယံပံ့ပိုးကူညီမည့် ဂျပန်အစိုးရ၏ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်းက မြန်မာနိုင်ငံတွင် ကျင်းပသော အာဆီယံထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဂျပန်နိုင်ငံက မြန်မာနိုင်ငံရှိ စီမံကိန်းသုံးခုအတွက် အိုဒီအေချေးငွေ ယန်း ၂၆ ဘီလီယံထောက်ပံ့ပေးရန် ကတိပြုခဲ့သလို ၂၀၁၃ ခုနှစ်တွင် စီမံကိန်းသစ်လေးခုအတွက် အိုဒီအေချေးငွေ ယန်း ၆၃ ဒသမ ၂ ဘီလီယံ ပံ့ပိုးကူညီခဲ့ပါသည်။

မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေး၊ ဒီမိုကရေစီထွန်းကားရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဂျပန်နိုင်ငံက အစဉ်တစိုက် ထောက်ခံအားပေးခဲ့သလို ၂၀၁၂ ခုနှစ် ဧပြီလမှစတင်ကာ ဂျပန်နိုင်ငံ၏ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလမ်းစဉ်ကို နယ်ပယ် သုံးခုအပေါ် အခြေခံကာ ပံ့ပိုးကူညီရန် ဆုံးဖြတ်ခဲ့ပါသည်။

အဆိုပါနယ်ပယ်သုံးခုမှာ မြန်မာပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားလာစေရန်၊ စီးပွားရေးနှင့်လူမှုရေးကို အထောက်အကူပြုသော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စဉ်ဆက်မပြတ်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အတွက် လိုအပ်သော အခြေခံအဆောက်အအုံများတည်ဆောက်ရန်တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ ထားဝယ်ဆိပ်ကမ်းအပါအဝင် ပတ်ဝန်းကျင်နယ်ပယ်များ အကောင်အထည်ဖော်ဆောင်မှုမှတစ်ဆင့် တောင်ပိုင်းစီးပွားရေးစင်္ကြံ (Southern Economic Corridor) အတွင်းရှိ အခြေခံအဆောက်အအုံများကိုလည်း ဂျပန်နိုင်ငံက အကျိုးရှိရှိ အသုံးချသွားမည်ဖြစ်ပါသည်။

တည်ဆောက်မှုပြီးစီးပါက အရှေ့တောင်အာရှဒေသ၏ အကြီးမားဆုံးစက်မှုဇုန်ဖြစ်လာမည့် ထားဝယ်အထူးစီးပွားရေးဇုန်နှင့် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းတို့ အကောင်အထည်ဖော်ဆောင်ရာတွင် အကြောင်းအမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာခဲ့ရသော်လည်း ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ဂျပန်နိုင်ငံက မြန်မာ၊ ထိုင်းနိုင်ငံတို့နှင့်အတူ ယင်းစီမံကိန်းတွင် ရင်းနှီးမြှုပ်နှံရန်နှင့် နည်းပညာနှင့်ဘဏ္ဍာရေးအကူအညီပေးရန် သဘောတူညီခဲ့သည်။

ထို့အပြင် ပြည်ပရင်းနှီးမြှုပ်နှံမှုများအတွက် စံတစ်ခုဖြစ် လာခဲ့သော ရန်ကုန်မြို့စွန်ရှိ သီလဝါအထူးစီးပွားရေးဇုန်မှာ ဂျပန်ကုမ္ပဏီများ၏ အဓိကရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော်ဆောင်နေခြင်းဖြစ်ပါသည်။ မဟာရန်ကုန်မြို့တော် ရေပေးဝေမှုတိုးတက်ရေးစီမံကိန်း၊ ရန်ကုန်မြို့တော် ရေပေးဝေမှုစီမံခန့်ခွဲရေး၊ မဟာဗျူဟာမြောက်မြို့ပြဖွံ့ဖြိုးရေးစီမံချက်နှင့် မဟာရန်ကုန်မြို့တော် မြို့ပြသယ်ယူပို့ဆောင်ရေးစီမံချက်တို့ကိုလည်း ဂျပန်အစိုးရ၏အကူအညီဖြင့် လုပ်ဆောင်လျက်ရှိပါသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော အချက်များမှာ နိုင်ငံရေးတည်ငြိမ်မှု၊ ရင်းနှီးမြှုပ်နှံသူများအပေါ် ဥပဒေအရကာကွယ်ပေးမှု၊ ခိုင်မာသောရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်းမှု၊ လုပ်သားအင်အားပေါကြွယ်ဝမှုနှင့် အခြေခံ အဆောက်အအုံကောင်းမွန်မှု (လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးအစရှိသည်) တို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံမှာ အထက်ဖော်ပြပါအချက်အများစုကို ပြီးပြည့်စုံအောင် ဆောင်ရွက်ပေးနိုင်ပါက ကမ္ဘာ့တတိယအကြီးမားဆုံး စီးပွားရေးအင်အားစုကို ပိုင်ဆိုင်ထားသော ဂျပန်နိုင်ငံနှင့် စီးပွားရေးအရ တစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်နေသော အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံများစွာမှ ရင်းနှီးမြှုပ်နှံမှုများစီးဝင်လာမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံမှာ ကမ္ဘာ့အကြီးဆုံးဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်သော စီးပွားရေးအင်အားကြီး အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံကြားပထဝီအနေအထားအရသာမက မဟာဗျူဟာအရပါ တည်ရှိနေပြီး စီးပွားရေးထွန်းသစ်စ အာဆီယံနှင့် ဘင်းစတက်အဖွဲ့ဝင် နိုင်ငံဖြစ်ကာ အရှေ့- အနောက်စီးပွားရေးစင်္ကြံလမ်းမကြီးကို အစပြုရာနိုင်ငံဖြစ်သောကြောင့် ဂျပန်-မဲခေါင်ချိတ်ဆက်မှုဆိုင်ရာကနဦးဆောင်ရွက်ချက် အကောင်အထည်ဖော်ဆောင်ရာတွင် အရေးပါသောကဏ္ဍမှ သေချာပေါက် ပါဝင်လာမည်ဟု ယုံကြည်မိပါသည်။

**နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောအချက်များမှာ နိုင်ငံရေးတည်ငြိမ်မှု၊ ရင်းနှီးမြှုပ်နှံသူများအပေါ် ဥပဒေအရကာကွယ်ပေးမှု၊ ခိုင်မာသောရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်းမှု၊ လုပ်သားအင်အား ပေါကြွယ်ဝမှုနှင့် အခြေခံအဆောက်အအုံကောင်းမွန်မှု (လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး အစရှိသည်)တို့ဖြစ်**

## ရပ်ကွက်များအတွင်း သောက်သုံးရေများ လိုက်လံလှူဒါန်း

ကသာ မေ ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက လျှပ်စစ်မီးပြတ်တောက်၍ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသည့် ကသာမြို့ပေါ်ရပ်ကွက်နေပြည်သူများအတွက် သောက်သုံးရေများ လိုက်လံဝေငှလှူဒါန်းလျက်ရှိကြောင်း သိရသည်။ ကသာမြို့နယ်တွင် မေလပထမပတ်မှစတင်ကာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ခဲ့ပြီး ရက်သတ္တတစ်ပတ် ကြာသည်ထိ လျှပ်စစ်မီးပြန်လည်ရရှိခြင်း မရှိသေးသောကြောင့် ဒေသခံပြည်သူများ သောက်သုံးရေပြတ်လပ်မှု အခက်အခဲများဖြင့် ရင်ဆိုင်ကြုံတွေ့ကြရသည်။ ပြည်သူများ၏ သောက်သုံးရေအခက်အခဲကို ကသာမီးသတ်စခန်းမှတပ်ဖွဲ့ဝင်များက နေ့စဉ်နေ့တိုင်း မီးသတ်ယာဉ်များဖြင့် သောက်သုံးရေများကို ရပ်ကွက်နေပြည်သူများ ဝန်ထမ်းအိမ်ရာလိုင်းခန်းများသို့သွားရောက်ပြီး သောက်သုံးရေများကို အခမဲ့ ဖြန့်ဝေလှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ကသာမြို့ရှိ ကမ်းသာလူမှုကူညီရေး အသင်းမှလည်း ရပ်ကွက်နှင့် ကျေးရွာများအထိ လိုက်လံကာ သောက်သုံးရေများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ဖိုးနိုင်(ကသာ)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဘင်းမ်စတက်ကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန် လွှတ်တော်သဘောတူ

**နေပြည်တော် မေ ၁၃**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး ၂၁ ရက်မြောက်နေ့တွင် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတ အဆိုပြုတင်ပြသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးကျော်တင့်ဆွေကို ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းပေးပို့ထားကြောင်း လွှတ်တော်သို့အသိပေးတင်ပြပြီး ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။

ကမ္ဘာ့ဘဏ်ထံမှ အမေရိကန်ဒေါ်လာသန်း ၂၀၀ ချေးယူခွင့်နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၅ ခုနှစ်တွင် ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်သည့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ထူထောင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်ဘဏ္ဍာငွေအရင်းအမြစ်များအား နိုင်ငံတော်ဘတ်ဂျက်တစ်ခုတည်းဖြင့် လုံလောက်မှုမရှိသဖြင့် ကမ္ဘာ့ဘဏ်ထံမှ အတိုးနှုန်းများစွာသက်သာမှုရှိသည့် ချေးငွေရယူရခြင်းဖြစ်ကြောင်း။

ကမ္ဘာ့ဘဏ်ထံမှ ချေးငွေအမေရိကန်ဒေါ်လာသန်း ၂၀၀ ရယူမည့်သဘောတူညီချက်တွင် ဆိုင်းငံ့ကာလ ခြောက်နှစ်၊ ပြန်ဆပ်ကာလ ၃၂ နှစ်ဖြင့် သက်တမ်း ၃၈ နှစ်ရှိပြီး အတိုးမဲ့ချေးငွေဖြစ်ပါကြောင်း၊ ဝန်ဆောင်ခမှာ တစ်နှစ်လျှင် ၀ ဒသမ ၇၅ ရာခိုင်နှုန်းဖြစ်ပြီး ကတိခံကြေးကို လက်ရှိကာလတွင် ၀ ရာခိုင်နှုန်းသတ်မှတ်ထားသော်လည်း ကမ္ဘာ့ဘဏ်ဘုတ်အဖွဲ့ဆုံးဖြတ်ချက်အရ ပေးရန်ရှိလာပါက ၀ ဒသမ ၅ ရာခိုင်နှုန်းထက် မပိုသောနှုန်းကို သတ်မှတ်လာနိုင်ပါကြောင်း၊ ဝန်ဆောင်ခကို ချေးငွေထုတ်ယူသည့်အချိန်မှစ၍လည်းကောင်း၊ အရင်းငွေကို ဆိုင်းငံ့ကာလ ကုန်ဆုံးပြီးချိန်မှစ၍လည်းကောင်း တစ်နှစ်လျှင် နှစ်ကြိမ် ပေးဆပ်ရမည်ဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပုဒ်မ(၁၀)၌ **"ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံကိန်းတစ်ရပ်ရပ်အတွက် ပြည်ထောင်စုအစိုးရဌာနတစ်ခုခုအား ပြည်ပမှ ချေးငွေချေးယူခွင့်ပြုနိုင်သည်။ ပြည်ပမှ ရရှိသောချေးငွေများကို နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသောလုပ်ငန်းများသို့ သင့်လျော်သောစည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်"** ဟု ပြဋ္ဌာန်းထားပါကြောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှရယူမည့် ကမ္ဘာ့ဘဏ်မှ သဘာဝဘေးအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ ချေးငွေအမေရိကန်ဒေါ်လာ ၁၅ သန်းကို အရေးပေါ်တုံ့ပြန်မှုချေးငွေအတွက် ဘဏ္ဍာငွေ ထပ်မံလိုအပ်ပါက ဖြည့်ဆည်းနိုင်ရန် ရည်ရွယ်၍ အရန်အဖြစ် ခွဲဝေလျာထားခြင်းဖြစ်ပါကြောင်း။


ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

ချေးငွေအမေရိကန်ဒေါ်လာ ၁၅ သန်းဖြင့် သဘာဝဘေးကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာသော လိုအပ်ချက်များဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် သားငါးကဏ္ဍတို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လျင်မြန်စွာပံ့ပိုးပေးနိုင်ရန်နှင့် စီမံကိန်းအကောင်အထည်ဖော်သည့်ကာလအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ပါက အရေးပေါ်ပြန်လည်ထူထောင်ရေးကိစ္စများဆောင်ရွက်နိုင်ရန်ဖြစ်ပါကြောင်း၊ ခွဲဝေလျာထားငွေဖြင့် ဆောက်လုပ်ရေးပစ္စည်းများ၊ စက်မှုလုပ်ငန်းဆိုင်ရာ စက်ပစ္စည်းများ၊ သောက်သုံးရေ၊ ကုန်းမြေနှင့် သက်ဆိုင်သော ပစ္စည်းကိရိယာများ၊ စက်သုံးဆီဝယ်ယူခြင်းများအတွက် သုံးစွဲနိုင်ပြီး သဘာဝဘေးကျရောက်သည့် မည်သည့်နေရာဒေသကိုမဆို ပံ့ပိုးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှရယူထားသည့် ပြည်ပချေးငွေအခြေအနေမှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ စုစုပေါင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၁၁၁၁၄ အနက် စုစုပေါင်းချေးငွေပြန်လည်ပေးဆပ်ပြီးစီးမှုမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၁၉၅၀ ဖြစ်၍ ပေးဆပ်ရန်ကျန်ငွေမှာ အမေရိကန်ဒေါ်လာသန်းပေါင်း ၉၁၆၄ ဖြစ်ပြီး ပြည်ပချေးငွေနှင့် ဂျီဒီပီအချိုးမှာ ၁၆ ဒသမ ၁ ရာခိုင်နှုန်းရှိသည့်အတွက် ကြွေးမြီခံနိုင်ရည်ရှိမှု စံနှုန်းသတ်မှတ်ချက်ဘောင်အတွင်း၌ ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ၂၀၁၅ ခုနှစ် ဇူလိုင်လနောက်ဆုံးအပတ်တွင် ကိုမန်မုန်တိုင်းတိုက်ခတ်မှုကြောင့် ထူးကဲစွာ မိုးရွာသွန်းမှုများဖြစ်ပေါ်ခဲ့ပြီး ကချင်၊ ချင်း၊ ရခိုင်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ စစ်ကိုင်း၊ မကွေး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အများအပြား၌ ရေကြီးနစ်မြုပ်ကာလမ်း၊ တံတားများပြိုကျပျက်စီးခဲ့သည့်အတွက် ကမ္ဘာ့ဘဏ်၏ အရေးပေါ်ပြန်လည်ထူထောင်ရေးချေးငွေဖြင့် ပြန်လည်ပြင်ဆင်သွားမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ချင်းပြည်နယ်ရှိ ကလေး - ဖလမ်း - ဟားခါးနှင့် ဟားခါး - ဂန့်ဂေါလမ်းအတွက် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၈ သန်း၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသိုင်းချောင်း - ဂွလမ်းနှင့် သံတွဲ - ဂွလမ်းအတွက် အမေရိကန်ဒေါ်လာသန်း၂၀၊ ဖြစ်ပေါ်လာနိုင်သည့် အရေးပေါ်ကိစ္စများအတွက် လျာထားခြင်း အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉ သန်း၊ အသေးစိတ်ပုံထုတ်ခြင်းနှင့် ကြီးကြပ်မှုအတွက်လျာထားခြင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၃ သန်း၊ အဖွဲ့အစည်းနှင့် အထောက်အကူပြုလုပ်ငန်းများအတွက် အသုံးပြုမည့်စရိတ် အမေရိကန်ဒေါ်လာ သုံးသန်း စုစုပေါင်း ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၀၅ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကမ္ဘာ့ဘဏ်မှပေးအပ်မည့် သဘာဝဘေးအတွက် ပြန်လည်ထူထောင်ရေးချေးငွေ အမေရိကန်ဒေါ်လာသန်း ၇၀ ဖြင့် ကျေးလက်လမ်း၊ တံတားပြင်ဆင်မွမ်းမံခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာသန်း ၆၀၊ အရေးပေါ်အခြေအနေအသုံးပြုရန်အတွက် ယာဉ်စက်ယန္တရားများ ဝယ်ယူဖြည့်တင်းခြင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်း၊ စီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာ နည်းပညာနှင့် ထောက်ပံ့ဆောင်ရွက်မှုများအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်း အသုံးပြုရန် လျာထားပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၂၀၀ ချေးယူ၍ စီမံကိန်းများဆောင်ရွက်မည့်ကိစ္စနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက မေ ၁၆ ရက်နောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှပေးပို့သည့် **၁၉၆၉ ခုနှစ် ဆီ(ရေနံ) ယိုဖိတ်မှုကြောင့် ပင်လယ်ပြင်ညစ်ညမ်းမှုဖြစ်စဉ်များမှတစ်ဆင့် ထိခိုက်နစ်နာသူများနှင့် ဆုံးရှုံးမှုများကို လျော်ကြေးရရှိရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းအား ပြင်ဆင်သည့် ၁၉၉၂ ခုနှစ် နောက်ဆက်တွဲသဘောတူစာချုပ်**၌ မြန်မာနိုင်ငံ ပါဝင်လက်မှတ်ထိုးရေးနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ရှင်းလင်းတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယက က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှပေးပို့သည့် အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများနှင့် မူးယစ်ဆေးဝါးတရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန်ကိစ္စနှင့်စပ်လျဉ်း၍** လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူ၊ ပန်းတောင်း မဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်တို့က ထောက်ခံဆွေးနွေးကြပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များကို လုပ်ငန်းများအကောင်အထည်ဖော်ရာ၌ အလေးအနက်ထားထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော်၏အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ကန့်ကွက်သူမရှိသည့်အတွက် **ဘင်းမ်စတက်ကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန်** လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

အစည်းအဝေး ၂၂ ရက်မြောက်နေ့ကို မေ ၁၇ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးကျော်တင့်ဆွေ၏ အမည်စာရင်းပေးပို့

**နေပြည်တော် မေ ၁၃**

နိုင်ငံတော်သမ္မတ အဆိုပြုတင်ပြသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ဦးကျော်တင့်ဆွေကို ခန့်အပ်တာဝန်ပေးရန် အမည်စာရင်းပေးပို့ထားကြောင်း ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက မေ ၁၃ ရက်တွင်ကျင်းပသည့် လွှတ်တော်အစည်းအဝေး၌ အသိပေးကြေညာခဲ့သည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်ရန် တင်ပြထားသည့်ပုဂ္ဂိုလ်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မခွဲ (က)တွင် သတ်မှတ်ထားသောအရည်အချင်းများနှင့်မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀၁၆ ခုနှစ် မေ ၁၆ ရက် နောက်ဆုံးထား၍ အမည်စာရင်းပေးပို့နိုင်ကြောင်း ကြေညာခဲ့သည်။

ဦးကျော်တင့်ဆွေကို ၁၉၄၅ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့၌ မွေးဖွားခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ B.Com(Hons) ရရှိခဲ့ပြီး ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ နည်းပြဆရာ၊ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် တတိယအတွင်းဝန်မှ သံအမတ်ကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၌ ဒုတိယဥက္ကဋ္ဌနှင့် အာဆီယံလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ် မတ် ၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မရှင်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိသည်။

**သူရဇော်**

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေး တတိယနေ့ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၁၃**

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ (၂၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး တတိယနေ့အစီအစဉ်အား ယနေ့နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာနုနုသာက ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာသော တိုင်းဒေသကြီး/ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကများ၊ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူးများက အကြံပြုချက်များ ဆွေးနွေးတင်ပြကြသည်။ အကြံပြုချက်နှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် တွင်မူတည်၍ ရှေ့လုပ်ငန်းစဉ်များအား ချမှတ်အတည်ပြုခဲ့ကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသင်း၏လုပ်ငန်းများဆောင်ရွက်ရန် အသင်းဗဟိုက စုစုပေါင်း ငွေကျပ် ၈၃၅ သိန်း ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိ သည်။

**(သတင်းစဉ်)**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာ

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မြို့မရပ်၊ တောင်ကျောင်းလမ်း၊ အမှတ် (၃၂၆)တွင် ပါတီရုံးချုပ်တည်ရှိသော **ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ**သည် ယင်းပါတီ၏အလံကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီ၏အလံကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

◆ ရှေ့ဖုံးမှ

ရှိပါတယ်။ အခုရောင်းတာက ပြင်ဦးလွင် အစုအဖွဲ့က မန္တလေးကော်ဖီ ဂရုဖ်ကပါ” ဟု သတင်းပေးခဲ့သည်။

မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌ ဦးရဲမြင့်ထံသို့ ဆက်သွယ်မေးမြန်းကြည့်ခဲ့သည်။ “ဟုတ်ပါတယ်၊ ကျွန်တော်တို့ မြန်မာနိုင်ငံကော်ဖီအသင်းရဲ့ဦးဆောင်မှုအောက်ကနေ မန္တလေးကော်ဖီ ဂရုဖ်က တင်ပို့ရောင်းချဖို့ စီစဉ်ခဲ့တာပါ” ဟု ပြောကြားခဲ့သည်။

မြန်မာ့ကော်ဖီကို အမေရိကန်နိုင်ငံ၌ ပထမဦးဆုံးရောင်းချခြင်းဖြစ်ပြီး တန်ချိန် ၃၆ တန်(ကွန်တိန်နာ နှစ်လုံး) ရောင်းချသွားမည်ဖြစ်ကြောင်း၊ မေ ၁၃ ရက် သတင်းလှမ်းမေးသည့် အချိန်မှာပင် ပြင်ဦးလွင်၌ အမေရိကန် ဝယ်လက်ရှိနေပြီး စာချုပ်ချုပ်ဆိုရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ထပ်မံအတည်ပြု သတင်းစကား ဆိုခဲ့သည်။ ကော်ဖီစေ့တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀၀ ခန့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့ကော်ဖီကို USAID အထောက်အပံ့ဖြင့် Wirock International မှ အရည်အသွေးမြင့်စွာ ထုတ်လုပ်နိုင်ရန်အတွက် အကူအညီများ ပေးလျက်ရှိရာ အရည်အသွေးမြင့်မားလာမှုကြောင့် ကမ္ဘာ့နိုင်ငံများကပင် စိတ်ဝင်စားလာမှုရှိခဲ့သည်။

အမေရိကန် နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီ (USAID) ၏ အကူအညီဖြင့် နည်းပညာများရယူကာ ဧပြီ ၁၄ ရက်မှ ၁၇ ရက်အထိ အမေရိကန်နိုင်ငံ၏ အရည်အသွေးမြင့် ကော်ဖီအဖွဲ့အစည်းမှ အတ္တလန်ဂျော့ဂျီယား၌ ကျင်းပခဲ့သော နိုင်ငံတကာကော်ဖီပြပွဲတွင် ဝင်ရောက်ပြသခဲ့ရာ နိုင်ငံတကာ ကော်ဖီ အရည်အသွေး သတ်မှတ်သူများ၏ သဘောကျသတ်မှတ်မှုကို ရရှိခဲ့သည့်အတွက် ယခုကဲ့သို့ ဝယ်လက်များ လိုက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့ကော်ဖီကို ဂျပန်၊ တရုတ်(တိုင်ပေ)၊ ကိုရီးယား၊ ဥရောပနိုင်ငံများသို့ တင်ပို့ပေးနေခဲ့ရပြီး ရှေ့လအတွင်းကပင် ဆွစ်ဇာလန်နိုင်ငံသို့ ကွန်တိန်နာ တစ်လုံး (၁၈ တန်) တင်ပို့ပေးခဲ့ရကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကော်ဖီစိုက်ဧက လေးသောင်းနီးပါးရှိပြီး တစ်နှစ်လျှင် ကော်ဖီစေ့ တန် ၂၀၀၀ မှ ၂၅၀၀ အကြား ထွက်ရှိလျက်ရှိရာ ဤကဲ့သို့ ကော်ဖီ ထုတ်လုပ်မှုအရည်အသွေးများ မြင့်မားလာမှုကြောင့် မြန်မာ့ကော်ဖီမှာ ကမ္ဘာ့တန်းဝင်ဖြစ်လာပြီး ဈေးကောင်းများ ရရှိလာသည့်အတွက် မြန်မာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ဝမ်းသာဂုဏ်ယူလျက်ရှိနေကြပြီဖြစ်သည်။



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘေးအန္တရာယ်ကင်းရှင်းရေးအသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မေ ၁၃ ရက်က မင်းဓမ္မလမ်းရှိ လောကချမ်းသာအဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီး) ဂန္ဓကုဋိတိုက်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ ဗန်းမော် ဆရာတော်ကြီး အမှူးပြုသော သံဃာတော်အရှင်သူမြတ်များ ကြွရောက်၍ ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်စဉ်
မျိုးမင်းသိန်း(မရမ်းကုန်း)

## တပ်ကုန်းမြို့နယ်၌ ပဲတီစိမ်း အထူးဇုန် ဧက ၅၀၀ အောင်မြင်ဖြစ်ထွန်း

**တပ်ကုန်း မေ ၁၃**

တပ်ကုန်းမြို့နယ် မကျီးကုန်းကျေးရွာအုပ်စုတွင် မြေအောက်ရေအသုံးပြု၍ အောင်မြင်ဖြစ်ထွန်းနေသော ပဲတီစိမ်း အထူးဇုန် ဧက ၅၀၀ စိုက်ခင်းသို့ မေ ၁၁ ရက် ညနေပိုင်းက စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကို၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်များမှ တာဝန်ရှိသူများနှင့်အတူ လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။



အဆိုပါ ပဲတီစိမ်းအထူးဇုန် ဧက ၅၀၀ ၌ ဒုတိယညွှန်ကြားရေးမှူးချုပ်က အယ်နီညိုရာသီဥတု၏ အကျိုးသက်ရောက်မှုကြောင့် စိုက်ပျိုးထုတ်လုပ်မှု အခက်အခဲ ဖြေရှင်းမှုနည်းလမ်းများ၊ တစ်ဧက အထွက်နှုန်းမြင့်မားရေးအတွက် စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ GAP စိုက်ပျိုးရေး၊ သက်တမ်းတိုအထွက်နှုန်းကောင်းမျိုး ပြောင်းလဲစိုက်ပျိုးရေး၊ ပိုးသတ်ဆေးသုံးစွဲမှု စနစ်တကျရှိရေး၊ အရည်အသွေးကောင်းမွန်သော သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး တောင်သူများကလည်း သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

❒ ရှေ့ဖုံးမှ

ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီး မူးမြစ်ပေါ်၌ သဖန်းဆိပ်ရေလှောင်တမံကို တည်ဆောက်ထားပြီး အောက်ဘက် ကိုးမိုင်ခန့်အကွာရှိ ကင်းတပ်ရေထိန်းတမံသို့ မူးမြစ်ရိုးအတိုင်း ရေလွှတ်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ ကင်းတပ်ရေထိန်းတမံ၏ လက်ဝဲမြောင်း လက်ယာမြောင်းတို့၏ ရေသောက်ဧရိယာဧက ၁၇၀၀၀၀ ကို ရေပေးဝေပြီး ကင်းတပ်ရေထိန်းတမံ အောက်ဘက် ၂၄ မိုင်အကွာရှိ ကာဘိုးရေလွှဲဆည်သို့လည်း မူးမြစ်ရိုးအတိုင်း ဆက်လက်ရေလွှတ်ပေးပေးလျက်ရှိရာ ကာဘိုးဆည်၏ ရွှေဘိုတူးမြောင်း၊ ရေဦးတူးမြောင်းတို့၏ရေသောက်ဧရိယာ ၃၅၀၀၀၀ ခန့်ကို ရေပေးဝေလျက်ရှိကြောင်း သိရသည်။

“ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်က ကျေးပင်အက် ရေလှောင်တမံမှာရေသောက်ဧက ၅၃၂၃ ဧကကို ရေပေးဝေနေပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ် နွေသီးနှံ ၂၂၀၀ ဧကလျာထားခဲ့ကာ ဖေဖော်ဝါရီ ၁၇ ရက်ကစပြီး နွေသီးနှံစိုက်ပျိုးရေကို စတင်ပေးဝေခဲ့တာ ၁၉၃၉ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လင်ပန်းရေလှောင်တမံမှာ ရေသောက်ဧက ၁၁၆၅ ဧက ရေပေးနေရာမှာ နွေသီးနှံလျာထားဧက ၃၀၀ မှာ ၄၇၈ ဧကစိုက်ပျိုးနိုင်ခဲ့တယ်ဆိုတာ ကွင်းဆင်းစစ်ဆေးချက်တွေအရသိရပါတယ်။ ဒါ့အပြင် သိန်ရင်းရေလှောင်တမံမှာ ရေသောက်ဧက ၄၉၉၆ ဧက ရေပေးဝေရာမှာ နွေသီးနှံဧက ၅၀၀ လျာထားတာ ဧက ၅၁၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်”ဟု ညွှန်ကြားရေးမှူးက ပြောသည်။




## ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း အသိပေးပန်ကြား

**ရန်ကုန် မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်မည်ဖြစ်၍ မေ ၁၄ ရက်တွင် ဒဂုံအရှေ့၊ ဒဂုံမြောက်၊ မင်္ဂလာတောင်ညွန့်၊ သာကေတ၊ တာမွေ၊ ရန်ကင်း၊ သဃ်္ဃန်းကျွန်း၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာ၊ ရွှေပေါက်ကံ၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လမ်းမတော်၊ ဒဂုံ၊ အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ လှိုင်၊ ကမာရွတ်၊ ဗဟန်း၊ မရမ်းကုန်း၊ ဆိပ်ကြီးခနောင်တို၊ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ခရမ်း၊ သုံးခွ၊ ကျောက်တန်း၊ တံတား၊ အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ထောက်ကြန့်၊ လှည်းကူး၊ ဖောင်ကြီး၊ အဖျောက်၊ အင်းတိုင်၊ ဥက္ကံ၊ တိုက်ကြီး၊ ထန်းတပင်၊ မှော်ဘီ၊ မြောင်းတကာ၊ မြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

မေ ၁၅ ရက်တွင် ဒဂုံအရှေ့၊ ဒဂုံမြောက်၊ သဃ်္ဃန်းကျွန်း၊ မြောက်ဥက္ကလာ၊ ရွှေပေါက်ကံ၊ လမ်းမတော်၊ အလုံ၊ ဒဂုံ၊ စမ်းချောင်း၊ လှိုင်၊ ကမာရွတ်၊ ဗဟန်း၊ မရမ်းကုန်း၊ သန်လျင်၊ ကွမ်းခြံကုန်း၊ ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ လှည်းကူး၊ ဥက္ကံ၊ အင်းတိုင်၊ တိုက်ကြီး၊ ထန်းတပင်၊ မှော်ဘီမြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့်စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိနိုင်မည်ဖြစ်သည်။

ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ဆွေးမြည့်သစ်သားတိုင်များအစား ကွန်ကရစ်ဓာတ်တိုင်များအစားထိုးလဲလှယ်

**ပြည် မေ ၁၃**

ပြည်ခရိုင် ဆင်မြီးဆွဲမြို့ လျှပ်စစ်မှူးရုံးအုပ်ချုပ်မှုနယ်မြေအတွင်းရှိ သနွေပင်အုပ်စု ဆင်ဂေါင်းကျေးရွာတွင် တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ၄၀၀ ဗို့လိုင်းရှိ ဆွေးမြည့်သစ်သားတိုင်များနှင့် ACSR (35) $mm^2$ ကြိုးများအစား ကိုးမီတာ ကွန်ကရစ်ဓာတ်တိုင်၊ HDBC No -4 တို့ လဲလှယ်တည်ဆောက်ခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်မှူး ဦးကျော်ဌေးနှင့် လျှပ်စစ်ဝန်ထမ်းများ ဆောင်ရွက်ခဲ့ရာ မေ ၆ ရက်က လုပ်ငန်းများအားလုံးပြီးစီးခဲ့ကြောင်း သိရသည်။
**မောင်ရွှေဝင်း(ပြည်)**



## မန္တလေးမြို့၌ ဆန္ဒဖော်ထုတ်ပွဲ ပြုလုပ်

**မန္တလေး မေ ၁၃**

လူမျိုးအတုအယောင်ဖန်တီးမှုနှင့် ပတ်သက်၍ ဆန္ဒဖော်ထုတ်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့အောင်မြေသာစံမြို့နယ်၌ ပြုလုပ်ရာ ရဟန်း၊ သံဃာတော် ၅၀ ခန့်နှင့်ဆန္ဒဖော်ထုတ်သူ ၄၀၀ ခန့် ပါဝင်ခဲ့ကြသည်။ **(ဓါတ်ပုံ)**

ဆန္ဒဖော်ထုတ်သူများသည် နန်းတော်ရှေ့ဘောလုံးကွင်း၌ စုဝေး၍ နံနက် ၁၀ နာရီတွင် စတင်ထွက်ခွာကာ ၁၉လမ်းအတိုင်း ၆၂လမ်းအထိ၊ ၆၂ လမ်းမှ ၂၆ လမ်းအထိ စီတန်းလှည့်လည်ကြပြီး ဆိုင်းဘုတ်များကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ယခုပြုလုပ်သည့်ဆန္ဒဖော်ထုတ်ပွဲကို သက်ဆိုင်ရာသို့တင်ပြခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးနှင့် ယာဉ်အန္တရာယ်မဖြစ်ပွားရေး၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားရေးအတွက်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

# မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများကြောင့် လူနေအိမ်များ ပျက်စီးဆုံးရှုံး

## ကံမ

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျောက်စောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ မေ ၁၃ ရက် နံနက် ၉ နာရီက လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြည်သူများသို့ ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထိုသို့ထောက်ပံ့ရာတွင် ကံမမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပြိုကျပျက်စီးဆုံးရှုံးခဲ့သော အိမ်ထောင်စု ၁၅ စု အား ငွေကျပ်ငါးသောင်းစီဖြင့် ငွေကျပ် ၇၅၀၀၀၀ ကို လည်းကောင်း၊ နေအိမ်အမိုးလန်ပျက်စီးခဲ့သော အိမ်ထောင်စု ၆၁၉ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ်နှစ်သောင်းစီဖြင့် တစ်ရာနှစ်ဆယ်သုံးသိန်းရှစ်သောင်းနှင့် အဆိုပါလေဘေးသင့်အိမ်ထောင်စုများ၏ စားနပ်ရိက္ခာအတွက် ဆန်ဖိုး ၃၄၂၃၆၀၀ ကို ပေးအပ်ထောက်ပံ့ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ကျောက်စောင်းကျေးရွာအတွင်း ပျက်စီးဆုံးရှုံးမှုများအားလိုက်လံကြည့်ရှု၍ လေဘေးသင့်ပြည်သူများအား အားပေးစကားများပြောကြားပြီး ကျေးရွာအတွင်း ကိုယ့်အားကိုယ်ကိုးဆောက်ရွက်ထားသည့် ပျက်စီးသွားသော လျှပ်စစ်မီးကြိုးများအား ပြန်လည်သွယ်တန်းနိုင်ရန်အတွက် ထောက်ပံ့ငွေ ရှစ်သိန်းကို ထပ်မံလှူဒါန်းခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(ကံမ)**

## နောင်ချို

နောင်ချိုမြို့နယ်တွင် မေ ၁၃ ရက် နံနက် ၂ နာရီက မိုးသက်လေပြင်းများတိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကုန်းစံကျေးရွာအုပ်စု ဂုတ်ထိပ်တံတားအနီးရှိ ဂုတ်ထိပ်ကျေးရွာနေ ဦးမောင်ကို၏ နေအိမ်ကို မိုးကြိုးပစ်ရာမှ မိုးကြိုးစက်ကွင်းထိသဖြင့် အိပ်ပျော်နေသော ဦးမောင်ကိုမှာ ဒဏ်ရာရရှိသွားပြီး နောင်ချိုမြို့ ပြည်သူ့ဆေးရုံသို့ တက်ရောက်ကုသလျက်ရှိကြောင်း သိရသည်။

အလားတူယင်းနေ့ နံနက် ၈ နာရီခွဲခန့်က နောင်ချိုမြို့နယ် ကုန်းသာအုပ်စု လွယ်တောင်းကျေးရွာနေ ဝေလင်းဦး(ခ) ဖိုးသားသည် လက်ကိုင်ဖုန်းကို နားကြပ်တပ်၍ သီချင်းနားထောင်လျက် ကြံမြောင်းပေါင်းရှင်းနေရာ မိုးရွာနေချိန် မိုးကြိုးပစ်ချစဉ် ဖုန်းမှတစ်ဆင့် လျှပ်စီးဝင်မှုကြောင့် နေရာတွင်ပင်သေဆုံးပြီး အနီးရှိ အောင်မြင့်မှာ ဒဏ်ရာအနည်းငယ်ရရှိသွားသည်။

နောင်ချိုမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးများ နေရာအနှံ့ကျရောက်ခဲ့သည်။

အလားတူ မေလပထမပတ်က နောင်ချိုမြို့နယ် သရက်ကုန်းကျေးရွာ တောင်သူဦးလှရွှေသည် တောင်ယာခင်းတွင် လုပ်ငန်းလုပ်ကိုင်နေစဉ် မိုးရွာသဖြင့် သစ်ပင်အောက်ဝင်ရောက်ခိုစဉ် မိုးကြိုးပစ်ရာမှ မီးလောင်ကျွမ်းဒဏ်ရာရရှိပြီး ဆေးရုံသို့ တက်ရောက်ကုသရကြောင်း သိရသည်။

**စိုးဝင်း**



**ချောင်းဦးမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်အမိုးများ ပျက်စီးဆုံးရှုံးမှုကို တွေ့ရစဉ်**
ဓာတ်ပုံ - (ချောင်းဦး ပြန်/ဆက်)

## မိုင်းကိုင်

ရှမ်းပြည်နယ် တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ်၌ မေ ၁၂ ရက် ညနေ ၅ နာရီက မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်းကြောင့် ဆင်/မြောက်ကျေးရွာအုပ်စု လွယ်မော်ကျေးရွာရှိ လူနေအိမ်များ သွပ်များလန်ခြင်း၊ သစ်ပင်များကျိုးကျခြင်းတို့ဖြစ်ပွားသည့်အပြင် လွယ်မော်ကျေးရွာ စာကြည့်တိုက်ပေါ်သို့ ညောင်ပင်ပြိုလဲ၍ စာကြည့်တိုက် ပျက်စီးသွားခဲ့သည်။

အဆိုပါ ကျေးရွာစာကြည့်တိုက် ပြန်လည်ထူထောင်ရေး၊ ကျေးရွာအတွင်း သဘာဝဘေးဒဏ်သင့်လူနေအိမ်များအား ကူညီရေးအတွက် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိပြီး ထိခိုက်ဒဏ်ရာရရှိသူများမရှိကြောင်း သိရ သည်။

**နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)**

## ကလေး

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကလေးမြို့နယ် ကုက္ကိုလ်ကျေးရွာအုပ်စု ရှားတောကျေးရွာနှင့် ကလေးမြို့ လှိုင်သာယာရပ်ကွက်တို့တွင် မေ ၁၂ ရက် ည ၆ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် အိမ်အမိုးများလန်၍ ပျက်စီးသွားကြောင်း သိရသည်။

ယင်းလေပြင်းတိုက်ခတ်မှုကြောင့် ကလေးမြို့နယ် ရှားတောကျေးရွာတွင် ဘုရားရှိခိုးကျောင်း တစ်လုံး၊ လူနေအိမ် ၁၇ လုံးနှင့် စပါးတိုက်ခုနစ်လုံးတို့၏ အမိုးသွပ်များလန်သွားပြီး လူဦးရေ ၉၇ ဦး လေဘေးသင့်ခဲ့ကြသည်။

ကလေးမြို့လှိုင်သာယာရပ်ကွက်တွင်လည်း နေအိမ် ၁၀ လုံး သွပ်များ လေလန်ပျက်စီးပြီး လူဦးရေ ၅၆ ဦး လေဘေးသင့်ခဲ့ကြရာ အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**ချင်းတွင်းသား**

## ကသာ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ်တွင် မေ ၁၃ ရက် ညနေ ၅ နာရီက မိုးသက်လေပြင်းများတိုက်ခတ်မှုကြောင့် ပင်လည်ဘူးမြို့ပေါ်တွင် ပျက်စီးမှုအချို့ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ညနေ ၅ နာရီခန့်က မိုးနဲ့အတူ လေပြင်းစတိုက်တယ်၊ လေဆင်နှာမောင်းဆန်ဆန် လေပွေပုံမျိုး တိုက်သွားတယ်၊ ပင်လည်ဘူးမြို့ပေါ်က အထကကျောင်း စာသင်ဆောင်နဲ့ လူနေအိမ်နှင့် ကားကွင်းအဆောက်အအုံတချို့ အမိုးတွေ ပျက်စီးတယ်၊ လေပြင်းနဲ့အတူ မိုးသီးအနည်းငယ်ကျတယ်။ လေစတိုက်တော့ ကြောက်ဖို့အလွန်ကောင်းတယ်"ဟု မြို့ပေါ်ရပ်ကွက်မှ ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် လူတိရစ္ဆာန် အသေအပျောက် မကြားသိရသေးကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## တောင်သာ

တောင်သာမြို့နယ် ဇဂျမ်းအုပ်စု အင်ကြင်းသာတောတိုက်၌ မေ ၁၂ ရက် ညနေ ၅ နာရီခွဲက မိုးသက်လေပြင်းနှင့် အတူမိုးသီးကြွေကျကာ ဒေါ်မိုးသည် ဆောက်လုပ်ဆဲ လေးပင်ပတ်လည်အုတ်နံကပ်တိုက်အတွင်းရောက်ရှိနေစဉ် လေပြင်းတိုက်ခတ်မှုကြောင့် အနောက်ဘက်မြင့်မိုရ်နေရာ၏ ၁၅ ပေခန့် အမြင့်မှ အုတ်များပြိုကျပိမိသဖြင့် နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အား ဇဂျမ်းရဲကင်းစခန်းမှ သေမှုသေခင်းဖွင့်လှစ်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လင်းလက်ကြယ်( တောင်သာ)**

## ချောင်းဦး

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ မေ ၁၃ ရက် ညနေ ၄ နာရီခွဲတွင် မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်၍ သုံးပန်လှကျေးရွာအလယ်တွင် တည်ထားကိုးကွယ်တော်မူသော ဉာဏ်တော်အမြင့် ၄၅ ပေရှိသည့် ရှေးဟောင်းသံတော်တိုင် စေတီထီးတော်နှင့် စိန်ဖူးတော်မြေခဲ့ကြောင်း သိရသည်။

ထို့အပြင် သုံးပန်လှကျေးရွာ ချင်းတွင်းမြစ်အနီးရှိ တာဝတိံသာစေတီတော်ကြီး ထီးတော်မှာလည်း အနည်းငယ် စောင်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် သုံးပန်လှကျေးရွာနေ ဒေါ်ပေါတင်မိသားစုနေအိမ် သက်ငယ်မိုး၊ ကပ်ကာမြေစိုက် လေးပင် သုံးခန်းနေအိမ်မှာ လေပြင်းတိုက်ခတ်၍ နေအိမ်အနီး ထန်းပင်မှာကျိုး၍ နေအိမ်ပေါ်ကျိုးကျရာ နေအိမ်ပြိုကျခဲ့ပြီး ဒေါ်ပေါတင်မှာ ဦးခေါင်းပေါက် ဒဏ်ရာရရှိခဲ့ပြီး အခြားလူနေအိမ်နှစ်လုံး၏ အမိုးများ ပျက်စီးခဲ့ကြောင်း သိရ သည်။

**(မြို့နယ် ပြန်/ဆက်)**

## ပခုက္ကူ

ပေါက်မြို့နယ်တွင် မေ ၁၂ ရက် ညနေ ၄ နာရီ မိနစ် ၂၀ ခန့်မှစ၍ မိုးရွာသွန်းခဲ့ရာ မိုးသီးအနည်းငယ်ကျပြီး လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များပြိုလဲခြင်း၊ အမိုးလန်ခြင်းနှင့် နွားခုနစ်ကောင်သေးဆုံးခဲ့ကြောင်း သိရသည်။

ပေါက်မြို့နယ်အတွင်း ကိုင်းလယ်အုပ်စု၊ ကျောင်းကုန်းအုပ်စု၊ တဲတော်ယာအုပ်စု၊ ဆူးလေကုန်းအုပ်စု၊ ဆူးလေကုန်းအုပ်စု၊ တောင်မြင့်အုပ်စု၊ ပလောင်းအုပ်စု စသည့် ကျေးရွာအုပ်စုခြောက်အုပ်စု ကျေးရွာကိုးရွာတွင် လူနေအိမ် ၁၈ လုံးပြိုလဲခြင်း၊ ၂၈ လုံးအမိုးလန်ခြင်း၊ ကိုင်းလယ်ကျေးရွာ အထက တိုးချဲ့ဆောင်နှင့် တိုက်နယ်ဆေးရုံ ဝန်ထမ်းအိမ်ရာနှစ်လုံး အမိုးလန်ခြင်း၊ ဇင်ရွှေးခုံကျေးရွာအမက(ခွဲ) ကျောင်းဆောင် အမိုးလန်ပျက်စီးခဲ့ပြီး တောင်မြင့်ကျေးရွာတွင် လက်ပံပင်လဲကျရာမှ နွားမ ငါးကောင်၊ နွားကလေး နှစ်ကောင်၊ သေဆုံးခဲ့ပြီး နွားထီးတစ်ကောင် ခါးကျိုးသွားကြောင်း သိရသည်။

အလားတူ နံ့သာအုပ်စု၊ ကူးကားအုပ်စု၊ ကျွန်းရင်းအုပ်စု လယ်လန်းအုပ်စုများအတွင်းရှိ ကျေးရွာများတွင်လည်း ထိခိုက်ပျက်စီးမှုရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ရွှေဘို

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်တွင် မေ ၁၃ ရက် နံနက်ပိုင်းက မိုးသက်လေပြင်းများ ကျရောက်ခဲ့ပြီး မိုးကြိုးပစ်သဖြင့် ခိုင်းနွားနှစ်ကောင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်မြောင်းမြို့နယ် ကုလားမကျေးရွာတွင် နံနက် ၄ နာရီ ၄၅ မိနစ်က မိုးသက်လေပြင်းနှင့်အတူ မိုးကြိုးပစ်မှုကြောင့် အဆိုပါကျေးရွာနေ တောင်သူ ဦးချစ်ခင်၏ ခိုင်းနွားနှစ်ကောင် မိုးကြိုးထိမှန် သေဆုံးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

## မြင်းမူ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဧပြီလနောက်ဆုံးပတ်က ကျေးရွာအချို့၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်းများဖြစ်ပေါ်ကာ လူနေအိမ်များပျက်စီးခြင်း၊ ဘုရားစေတီအချို့ထီးတော်များမြေခခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ယင်းလေဘေးသင့် ကျေးရွာများဖြစ်သော ပဒတ္ထိုင်း၊ လက်ပန်ကျင်း၊ သမန္တောကျေးရွာနှင့် တွင်းကြီးကျေးရွာတို့မှ အိမ်ထောင်စု ၆၆ စုအတွက် သွပ်အချပ်ရေ ၁၀၆၅ ချပ်ကို ဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒကိုယ်စား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသောင်းမြင့်၊ ဒေါ်နီလာလွင်၊ မြို့နယ်စီမံခန့်ခွဲမှုဉက္ကဋ္ဌ ဦးကိုကိုဦးနှင့် ခေတ္တမြို့နယ် ဒုရဲမှူး စိန်ဝင်းတို့က မေ ၁၀ ရက်၌ လေဘေးသင့်ပြည်သူများထံသို့ ပေးအပ်ကြသည်။

ထို့အတူ ဆရာတော်သည် မေ ၃ ရက်က မြင်းမူမြို့နယ် လေဘေးသင့်ကျေးရွာငါးရွာနှင့် ရပ်ကွက်တစ်ခုမှ အိမ်ထောင်စု ၃၈ စုအတွက် သွပ်အချပ်ရေ ၈၀၀ နှင့် ထီးဆောင်းကျေးရွာမှ အိမ်ပြိုကျမှုရှိသူနှစ်ဦးအတွက် ငွေကျပ် ၁၃၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

**အောင်စိုးဇေ(ပြန်/ဆက်)**



**မေ ၁၃ ရက် ညနေ ၄ နာရီခွဲခန့်က လေပြင်းတိုက်ခတ်မှုကြောင့် မကွေးတိုင်းဒေသကြီး မြိုင်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း ဆောက်လုပ်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာ လေးထပ် ခြောက်ခန်းတွဲအဆောင် သွပ်မိုးများ အချပ်လိုက် ကွာကျလာသည်ကို တွေ့ရစဉ်**
ဓာတ်ပုံ - စိန်မြိုင်(မြိုင်)

## တိုင်းဒေသကြီး ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် မေ ၁၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# တရုတ်နှင့်အမေရိကန် တောင်တရုတ်ပင်လယ်အရေး အပြုသဘောဆောင် ကိုင်တွယ်ဖြေရှင်းသင့်

**ပေကျင်း မေ ၁၃**

တရုတ်နှင့် အမေရိကန်နိုင်ငံတို့သည် အငြင်းပွားး တောင်တရုတ်ပင်လယ်အတွင်း သဘောထားကွဲလွဲမှုများကို အပြုသဘောဆောင် ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း တရုတ်စစ်ဘက်ဆိုင်ရာ ထိပ်တန်းအရာရှိတစ်ဦးက ပြောခဲ့သည်။

တရုတ် ဗဟိုစစ်ကော်မရှင်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဖန်ဖန်ဟွေက ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဥက္ကဋ္ဌရာထူးယူ ထားသူ ဗိုလ်ချုပ် ဂျိုးဆက် ဒန်းဖော့ဒ် နှင့်တွေ့ဆုံခိုက် နှစ်နိုင်ငံအနေဖြင့် စစ်ရေးနှင့် ဆက်ဆံရေးကို ထိခိုက်နစ်နာစေမည့် အပြုအမူများကို ရှောင်ကြဉ်သင့်ကြောင်း ပြောဆိုခဲ့သည်ဟု ဆင်ဟွာသတင်းဌာနက သောကြာနေ့တွင် ဖော်ပြထားသည်။

ကြာသပတေးနေ့က ဖန်နှင့် ဒန်းဖော့ဒ်တို့သည် တောင်တရုတ်ပင်လယ်အရေးကို ဗီဒီယိုလင့်ဖြင့် ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ တောင်တရုတ်ပင်လယ်အတွင်း တရုတ်နိုင်ငံသည် စစ်ရေးဖြန့်ကြက်မှုများရှိသည်ဟု စွပ်စွဲမှုများထွက်ပေါ်လာပြီး တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံကြား တင်းမာမှုများ မြင့်တက်လာသောကြောင့် ဆွေးနွေးရခြင်းဖြစ်ကြောင်း သိရသည်။

အငြင်းပွားးကျွန်းပေါ်တွင် အမေရိကန်ဘက်မှ ကင်းလှည့်မှုများ၊ စစ်ရေးလေ့ကျင့်မှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး တရုတ်နိုင်ငံဘက်မှလည်း တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိနေသည်။

တရုတ်တို့က တောင်တရုတ်ပင်လယ် အငြင်းပွားးကျွန်းအနီး အမေရိကန်ရေတပ်မှ ဂျက်တိုက်လေယာဉ်များဖြင့် စစ်ရေးလေ့ကျင့်မှုများ၊ လှည့်ကင်းများ ဆောင်ရွက်နေခြင်းသည် တစ်နည်းအားဖြင့် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေခြင်းဖြစ်သည်ဟု အင်္ဂါနေ့က ပြောခဲ့သည်။



အမေရိကန်ကာကွယ်ရေးဌာနမှ နောက်ဆုံးပြုလုပ်ခဲ့သော လွတ်လပ်စွာ ရေလမ်းကြောင်းစစ်ဆင်ရေးအသုံးပြုခြင်းသည် တောင်တရုတ်ပင်လယ်အတွင်း၌ တရုတ်၊ ထိုင်ဝမ်နှင့် ဗီယက်နမ်တို့ကတောင်းဆိုထားသော ရေကြောင်းသွားလာခွင့် အခွင့်အရေး ကန့်သတ်ထားခြင်းကို လေးစားလိုက်နာမှုရှိစေရန် ပြုလုပ်ခြင်းဖြစ်သည်ဟုပြောခဲ့သည်။

**(ရိုက်တာ)**

# ဆီးရီးယားငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ဂျပန်ပါဝင်မည်



**တိုကျို မေ ၁၃**

ဆီးရီးယားငြိမ်းချမ်းရေး ဆွေးနွေးပွဲ အောင်မြင်မှုရရှိစေရေး အမေရိကန်နှင့် ရုရှားတို့ဦးဆောင်သည့်အဖွဲ့သို့ ဂျပန်၊ သြစတြေးလျနှင့် နယ်သာလန်တို့ ပါဝင်လိမ့်မည်ဟု အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါအဖွဲ့တွင် အရှေ့အလယ်ပိုင်းနှင့် ဥရောပနိုင်ငံများပါဝင်သော နိုင်ငံပေါင်း ၁၇ နိုင်ငံဖြင့် ဖွဲ့စည်းထားသည်။ ယင်းအဖွဲ့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီကချမှတ်ထားသော ပြဿနာဖြေရှင်းရေးအချက်များအပေါ်အခြေခံ၍ ဆီးရီးယား၌ ငြိမ်းချမ်းရေးနှင့် အပစ်အခတ်ရပ်စဲရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှုပြုလုပ်ခဲ့ကြသည်။

ယခုအသစ်ဝင်ရောက်လာသည့် နိုင်ငံသုံးနိုင်ငံကို ဗီယင်နာ၌ပြုလုပ်မည့် အစည်းအဝေးသို့ တက်ရောက်ရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ရုရှားနိုင်ငံခြား ရေးဝန်ကြီး ဆာဂီလာ့ဗ်ရို့ဗ်တို့က ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း သံတမန်အသိုင်းအဝိုင်း နှင့် နီးစပ်သည့် သတင်းအရသိရသည်။

ဆီးရီးယားအစိုးရနှင့်အတိုက်အခံအုပ်စုများကြား ရန်ပွဲများရပ်စဲနိုင်ရေး ဦးတည်၍ စုဝေးဆွေးနွေးကြခြင်းဖြစ်ကြောင်း သိရသည်။ ယခုအခါ ဆီးရီးယားနိုင်ငံ၏ မြောက်ဘက်ပိုင်းဒေသများတွင် တိုက်ပွဲများပြန်လည်ဖြစ်ပွားလျက်ရှိသည်။ ဂျပန်နိုင်ငံသည် ဆီးရီးယားဒုက္ခသည်များကို ကူညီထောက်ပံ့မှုများပေးလျက်ရှိသည်။

**(အင်န်အိတ်ချ်ကေ)**

# ဟစ်ဇ်ဘိုလာထိပ်တန်း တပ်မှူးတစ်ဦး ဆီးရီးယားတွင် အသတ်ခံရ

**ဒမတ်စကတ် မေ ၁၃**

ထိပ်တန်းဟစ်ဇ်ဘိုလာ တပ်မှူးတစ်ဦးဖြစ်သူ မတ်စ်တာဖာဘတ်ရက်ဒင်းသည် ဆီးရီးယားနိုင်ငံအတွင်း တိုက်ပွဲများ အကြားသေဆုံးခဲ့သည်ဟု လက်ဘနွန် အုပ်စုက သောကြာနေ့တွင် ပြောသည်။ ၂၀၀၈ ခုနှစ်က ၎င်းတို့၏စစ်ရေး အဓိကခေါင်းဆောင် သေဆုံးပြီးသည့်နောက် ယခုမတ်စ်တာဖာဘတ်ရက်ဒင်းသေဆုံးမှုသည် အီရန်ကျောထောက်နောက်ခံပြုထားသည့် ဟစ်ဇ်ဘိုလာအတွက် အထိနာစေခဲ့ကြောင်း ဆိုသည်။

အသက် ၅၅ နှစ်အရွယ်ရှိ ဘတ်ရက်ဒင်းသည် ဟစ်ဇ်ဘိုလာအုပ်စုတွင် ရာထူးကြီးကြီးမားမားရယူထားပြီး ဆီးရီးယားရှိ ဟစ်ဇ်ဘိုလာအဖွဲ့၏ စစ်ရေးလှုပ်ရှားမှုအတွက်တာဝန်ရှိသူဟု အမေရိကန်က သတ်မှတ်ထားသည်။ ၎င်းသည် ဒမတ်စကတ်လေဆိပ်အနီး အခြေစိုက်စခန်းကို ပစ်မှတ်ထား၍တိုက်ခိုက်ခဲ့သော ပေါက်ကွဲမှု၌ သေဆုံးခဲ့သည်ဟု ဟစ်ဇ်ဘိုလာအဖွဲ့က ပြောသည်။ လေကြောင်းတိုက်ခိုက်မှု သို့မဟုတ် ဒုံးကျည်ပစ်ခတ်တိုက်ခတ်မှုကြောင့် သေဆုံးရသလားဆိုသည်ကို စုံစမ်းဆဲဖြစ်သည်။

လက်ဘနွန်ရုပ်သံလိုင်းတစ်ခု၏ အစောပိုင်းဖော်ပြချက်များအရ ၎င်းသေဆုံးမှုမှာ အစ္စရေး၏တိုက်ခိုက်မှုကြောင့်ဟု ဖော်ပြထားသည်။

**(ရိုက်တာ)**



# အိမ်ဖြူတော်အစည်းအဝေး တက်ရောက်ရန် နော်ဒစ်ခေါင်းဆောင်များ ရောက်ရှိ

**မော်စကို မေ ၁၃**

ရုရှားနိုင်ငံ၏ စစ်ရေးအရ ကျူးကျော်ရန်လိုမှုများအပေါ် အဓိကဆွေးနွေးရန် အိမ်ဖြူတော်၌ သောကြာနေ့တွင် ကျင်းပသည့် အစည်းအဝေးသို့ ဆွီဒင်၊ ဒိန်းမတ်၊ ဖင်လန်၊ နော်ဝေနှင့်အိုက်စလန်နိုင်ငံတို့မှ ခေါင်းဆောင်များရောက်ရှိခဲ့ကြကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ခေါင်းဆောင်များကို သမ္မတအိုဘားမားက ကြိုဆိုခဲ့ပြီး အီရတ်နှင့်ဆီးရီးယားရှိ ပဋိပက္ခများ၊ ဥရောပသို့ဝင်ရောက်လျက်ရှိသည့် ရွှေ့ပြောင်းသွားလာသူများအရေး အပါအဝင် တစ်ကမ္ဘာလုံးနှင့်ဆိုင်သည့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အလေးထား ဆွေးနွေးကြမည်ဖြစ်သည်။

၂၀၁၄ ခုနှစ်က ယူကရိန်း၏ ခရိုင်းမီးယားဒေသကို ရုရှားတို့က သိမ်းယူလိုက်ခြင်းသည် အိမ်နီးချင်း နော်ဒစ်နှင့် ဘောလ်တစ်တို့အတွက် အချက်ပေးခေါင်းလောင်း ထိုးလိုက်သကဲ့သို့ ဖြစ်ခဲ့သည်။

ရုရှားတို့၏ အခြားကျူးကျော်ရန်လိုသည့်ကိစ္စများကိုလည်း နေတိုးတို့ ဟန့်တားမည့်နည်းလမ်းကို စဉ်းစားနေကြောင်း သိရသည်။

အဆိုပါကိစ္စသည် ဒေသတွင်း လုံခြုံရေးကို အမေရိကန်အနေဖြင့် ချိတ်ဆက်လုပ်ဆောင်နေသည် ဆိုသည့် သင်္ကေတကိုပြသလိုခြင်း ဖြစ်သည်ဟု သမ္မတအိုဘားမား၏ ဥရောပရေးရာထိပ်တန်းညွှန်ကြားရေးမှူးတစ်ဦး ဖြစ်သူ ချာလီကပ်ချန်က ပြောသည်။

အစည်းအဝေးမှ ထွက်ပေါ်လာမည့် အိမ်ဖြူတော်၏ မျှော်မှန်းရလဒ်ကိုမူ အတိအကျ မခန့်မှန်းနိုင်ကြောင်း ၎င်းကဆိုသည်။

အိုဘားမား၏ သမ္မတသက်တမ်းသည် လာမည့်နှစ် ဇန်နဝါရီ ၂၀ ရက်တွင် ကုန်ဆုံးမည်ဖြစ်ရာ ပေးပြီးထားသော ကတိကဝတ်များကို ကျန်ရှိနေသည့် အချိန်အတွင်း ကန့်သတ်ပြုလုပ်သွားမည်ဖြစ်သည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**(ရိုက်တာ)**



# အီကွေဒေါလျင်ဒဏ်ခံပြည်သူများအား ကူညီမည့် ဂီတပွဲတွင် အမေရိကန် ဒေါ်လာ ၂၃၀၀၀၀ ရရှိ

**ဂျီနီဗာ မေ ၁၃**

အီကွေဒေါလျင်ဘေးခံစားခဲ့ရသူများကိုကူညီရန် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်ရှိ မီယာမီ၌ ဂီတဖျော်ဖြေပွဲတစ်ခုကျင်းပခဲ့ရာ အမေရိကန်ဒေါ်လာ ၂၃၀၀၀၀ ရရှိခဲ့သည်ဟု ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူက ကြာသပတေးနေ့က ပြောခဲ့သည်။

အဆိုပါဂီတဖျော်ဖြေပွဲသို့ Carlos Vives, Chayanne နှင့် Franco De Vita တို့အပါအဝင် လက်တင်ဂီတပညာရှင် ၂၀ ကျော် ပါဝင်ခဲ့ကြသည်။

ဂီတဖျော်ဖြေပွဲသို့ ပရိသတ် ၅၅၀၀ ကျော် လာရောက်ကြည့်ရှုခဲ့ကြကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျာရစ်က ပြောသည်။ အီကွေဒေါရှိ လူမှုကူညီရေးအဖွဲ့အစည်းများသို့ ဂီတဖျော်ဖြေရေးပွဲမှရရှိလာသည့် ငွေများကို ကုလသမဂ္ဂဖွံ့ဖြိုးရေး အစီအစဉ်၏စီမံခန့်ခွဲမှုဖြင့် ခွဲဝေဆောင်ရွက်သွားမည်ဖြစ်သည်။

ဧပြီ ၁၆ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် လူပေါင်း ၆၅၈ ဦးသေဆုံးခဲ့ပြီး ၂၇၆၃၈ ဦး ဒဏ်ရာရရှိခဲ့သည်။ စုစုပေါင်းလူဦးရေ ၁ ဒသမ ၉ သန်း ဒုက္ခခံစားခဲ့ရပြီး လူ ၃၅၀၀၀၀ မှာ အကူအညီအထောက်အပံ့များ လိုအပ်လျက်ရှိသည်။

**(ဆင်ဟွာ)**

# နယ်မြေသစ်စွန့်စားရှာဖွေရင်း ဝိညာဉ်ချုပ်ခဲ့ရသူတို့၏ ဘဝနိဂုံး

**ခြူးစန္ဒီနွေး**

ပင်လယ်ပြင်ကို ကျော်ဖြတ်ရန်ကြိုးပမ်းရင်း အသက်ဆုံးရှုံးခဲ့ရပြီး ဂရိ၊ အီတလီနှင့် တူရကီကမ်းခြေများသို့ သောင်တင်လာသည့် အသက်မဲ့ခန္ဓာကိုယ်များမှာ ကြေကွဲဖွယ်ရာပင်ဖြစ်သည်။

ထိုသို့ကြေကွဲဖွယ်ရာသေဆုံးမှုများကို မည်သူတို့က အလေးထားခဲ့ပါသနည်း။ ဘယ်နေရာမှာ မြှုပ်နှံခဲ့ကြပါသလဲ။ ရေနစ်သေဆုံးသူများ၏ ဆွေမျိုးသားချင်းများကလည်း မိုင်ပေါင်းများစွာ ဝေးကွာသောနေရာမှ အလောင်းကိုမြှုပ်နှံရန် ရောက်ရှိခဲ့ကြပါသလား။

၂၀၁၄ ခုနှစ်မှစ၍ အီတလီ၊ ဂရိနှင့် တူရကီနိုင်ငံတို့ရှိ နေရာပေါင်း ၇၀ ခန့်တွင် အမည်ဖော်ထုတ်နိုင်ခြင်း မရှိသည့် အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ် ၁၂၅၀ ကျော်၏ အလောင်းများကို မထင်မရှား မြှုပ်နှံခြင်းခံခဲ့ရသည်ဟု ဘီဘီစီ၏ စုံစမ်းထောက်လှမ်းမှုအရ သိရသည်။ ၎င်းတို့ သေဆုံးရသည့် အဓိကအကြောင်းအရင်းမှာ ဥရောပ၌ ဘဝသစ်ထူထောင်ရန် မြေထဲပင်လယ်ကို ဖြတ်ကျော်ရန်ကြိုးပမ်းရင်း သေဆုံးခဲ့ရခြင်း ဖြစ်သည်။

လွန်ခဲ့သော နှစ်နှစ်ကျော်က ဥရောပနိုင်ငံများသို့ ဝင်ရောက်ရန်ကြိုးပမ်းရင်း လူပေါင်း ၈၀၀၀ ခန့် အသက်ဆုံးရှုံးခဲ့ရသည်ဟု အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းအခြေချသူများ အဖွဲ့အစည်း၏အချက်အလက်များအရ သိရသည်။

၂၀၁၄ ခုနှစ်မှစ၍ မြေထဲပင်လယ်ကို ဖြတ်ကျော်ရန်ကြိုးပမ်းရင်း သေဆုံးသူ အရေအတွက်မှာ တစ်ရက်လျှင် လူ ၁၀ ဦးခန့် ရှိသည်။ ပျမ်းမျှအားဖြင့် နေ့စဉ်လူတစ်ဦးထက်မနည်း အထိမ်းအမှတ် အမှတ်အသား ပြုလုပ်ထားခြင်းမရှိသည့် အုတ်ဂူ၌ မြှုပ်နှံခြင်း ခံနေရ သည်။

၂၀၁၅ ခုနှစ် အောက်တိုဘာ ၂၈ ရက်က တာလီဘန်များ၏ ခြိမ်းခြောက်မှုကို ခံနေရသည့် တိမွေးကုဆရာဝန် ဂူလမ်နဘိုင်ပါကာသည် ပိုမိုလုံခြုံစိတ်ချရသည့် ဘဝပိုင်ဆိုင်ရေး ၎င်း၏ သားသုံးဦး၊ သမီးတစ်ဦးနှင့် ဇနီးသည်တို့ကို ခေါ်ဆောင်ကာ ဥရောပသို့သွားရောက်ရေး ဆုံးဖြတ်ခဲ့သည်။

ထို့နောက် ၎င်းတို့မိသားစုသည် တူရကီနိုင်ငံ၌ ခေတ္တနေထိုင်ခဲ့ကြပြီး ဂရိနိုင်ငံ လက်စ်ဗို့စ်ကျွန်းသို့ သယ်ဆောင်သွားမည့် လူမှောင်ခိုသမားများ၏လှေကို စောင့်ဆိုင်းခဲ့ကြသည်။ ၎င်းတို့ လိုရာခရီးသို့ ရောက်ရှိပါက တယ်လီဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားမည်ဟု ညီဖြစ်သူ ဖာအွတ်ခ်ကို ပြောခဲ့သည်။



သို့သော် ရက်ပေါင်းများစွာကြာအောင် အစ်ကိုဖြစ်သူနှင့် အဆက်အသွယ်မရသည့်အတွက် လူမှောင်ခိုသမားများထံညီဖြစ်သူက ဆက်သွယ်မေးမြန်းခဲ့သည်။ အစ်ကိုဖြစ်သူမိသားစုလိုက်ပါသွားသော သင်္ဘောမှာ တိမ်းမှောက်ခဲ့သည်ဟု သတင်းရခဲ့သည်။ လှေတိမ်းမှောက်ရာမှ လူအချို့ကို ကယ်ဆယ်နိုင်ခဲ့ကြောင်း လူမှောင်ခိုသမားများက အကြောင်းပြန်သည်။ ဖွဲ့မလျှော့ဘဲ အစ်ကိုဖြစ်သူ၏သတင်းကို ဆက်လက်စုံစမ်းခဲ့သော်လည်း လက်စ်ဗို့စ်ရှိ ကမ်းခြေတွင် သေဆုံးလျက် သောင်တင်နေသည့် အစ်ကိုဖြစ်သူ၏ ဓာတ်ပုံကိုသာ တွေ့ရှိခဲ့ရသည်။ အလားတူ ကြေကွဲဖွယ်ရာ အဖြစ်အပျက်တွေ ဘယ်လောက်များနေပြီလဲ။

မြေထဲပင်လယ်ကို ကျော်ဖြတ်ရန် ကြိုးပမ်းရင်း သေဆုံးခဲ့ရသည့် ရွှေ့ပြောင်းဒုက္ခသည်များမှာ တူရကီ၊ ဂရိနှင့် အီတလီနိုင်ငံများ၌ ပိုင်ရှင်မဲ့ မထင်မရှားမြှုပ်နှံခြင်း ခံနေရသည်။ သင်္ဘောပျက်ပြီး ရက်ပေါင်းများစွာကြာမှ သောင်တင်လာသော အလောင်းများမှာ ပုပ်ပွနေပြီး မည်သူမည်ဝါဖြစ်သည်ဟု အထောက်အထားပြရန် ခက်ခဲလာသည်။ အလောင်းပိုင်ရှင်မဲ့ရသည့် အခြားသော အကြောင်းအရင်းမှာ ရေနစ်မြုပ်ရာတွင် မိသားစုတစ်ခုလုံးပါသွားခဲ့ခြင်းကြောင့်လည်းဖြစ်သည်။

ဂရိနှင့် တူရကီနိုင်ငံရှိ အာဏာပိုင်များက ၎င်းတို့နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် ဒုက္ခသည်များနှင့် ကမ်းခြေများပေါ်သို့ တင်ကျန်လာသည့် အလောင်းများနှင့် ပတ်သက်၍ စနစ်တကျ ကိုင်တွယ်နိုင်ရေး ရုန်းကန်နေရဆဲဖြစ်သည်။

အီတလီ၊ ဂရိနှင့်တူရကီသုံးနိုင်ငံတို့၌ ဘီဘီစီသတင်းဌာနမှ လေ့လာဖော်ပြချက်အရ သင်္ဘောများသည် မြေထဲပင်လယ်တောင်ပိုင်းကို ဖြတ်ကျော်စဉ် တိမ်းမှောက်ကြသည်ဟု သိရသည်။ သေဆုံးသူများကို လစ်ဗျား၌ပင် မထင်မရှားမြှုပ်နှံခဲ့သည်။ လစ်ဗျားနိုင်ငံ၏ နိုင်ငံရေးအခြေအနေ မတည်ငြိမ်မှုကြောင့် စာရင်းအတိအကျ ကောက်ယူ၍မရခဲ့ပေ။

NGO အဖွဲ့အစည်းများ၊ အစိုးရနှင့် လုပ်အားပေးအဖွဲ့များက သင်္ဘောပျက်မှအသက်ရှင် ကျန်ရစ်သူများကို ကယ်တင်ရန် အလေးပေးဆောင်ရွက်ကြသော်လည်း သေဆုံးသူများ၏ မိသားစုကိုပြန်လည်ရှာဖွေပေးရန်နှင့် မည်သူ့အလောင်းဖြစ်သည်ဟူသော ခွဲခြားမှုများ ပြုလုပ်ရန်ကိုမူဆောင်ရွက်ရာ၌ အားနည်း သည်ဟု ၂၀၀၂ ခုနှစ် တူရကီမှလှေဖြင့် ထွက်ပြေးလာပြီး လက်စ်ဗို့စ်သို့ ရောက်ရှိနေသော အာဖဂန်ဒုက္ခသည် ဟောင်းမိုဟာမက်ဒင်နာအီက ပြောသည်။ ၎င်းသည် ယခုအခါလုပ်အားပေး လုပ်ငန်းများကိုလုပ်ကိုင်လျက်ရှိသည်။

၎င်းသည် အာဖဂန်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ လက်စ်ဗို့စ်၌ ပျောက်ဆုံးနေသော ဆွေမျိုးသားချင်းများကို ကူညီရှာဖွေပေးသည့် စေတနာဝန်ထမ်းအလုပ်ကို လုပ်ကိုင်လျက်ရှိသည်။ ပျောက်ဆုံးနေသူများကို ရှာဖွေရန် သတင်းအချက်အလက်မှာ မရှိသလောက်နည်းပါးပြီး တစ်နေရာရာ၌ မထင်မရှား သေဆုံးပြီး မြှုပ်နှံခံရသူများကို ရှာဖွေရန်မှာ အလွန်ခက်ခဲကြောင်း ၎င်းကပြောသည်။

အစ်ကိုဖြစ်သူ ဂူလမ်နဘိုင်ပါကာ သေဆုံးသွားသည်ကို သိရသော်လည်း တူမလေးနှင့် တူလေးများ အသက်ရှင် ကျန်ရစ်ခဲ့ခြင်း ရှိ/မရှိသိရှိရန် ဖာအွတ်ခ် ဆက်လက်ကြိုးပမ်းခဲ့သည်။ ကလေးငယ်များကို ပြန်လည်တွေ့ရှိရေး တူရကီသို့ သွားရောက်ခဲ့သည်။ "ဆေးရုံတွေ၊ ကမ်းစောင့်တပ်နဲ့နေရာတိုင်းကို ကလေးဓာတ်ပုံလေးတွေယူပြီး သွားခဲ့ပါတယ်။ ဒါပေမယ့် သူတို့ရဲ့ သတင်းအစအနကို တောင် ကျွန်တော်မရခဲ့ပါဘူး" ဟု ဖာအွတ်ခ်က စိတ်ပျက်အားငယ်စွာ ပြောသည်။ တရားဝင် လုပ်ထုံးလုပ်နည်းများအရ သေဆုံးသူများကိုဓာတ်ပုံရိုက်ခြင်း၊ ကိုယ်ရေးအချက်အလက်များ သိမ်းဆည်းထားခြင်းနှင့် DNA ရယူခြင်းတို့ပြုလုပ်ကြရသည်။ သို့သော် အမြဲလိုလိုတော့ မပြုလုပ်နိုင်ပေ။ အကြောင်းမှာ ဂရိကျွန်းများပေါ်တွင် သေဆုံးသူများကို စစ်ဆေးရသည့် အရာရှိ လုံလုံလောက်လောက်မရှိဟု ဒေသခံများက ဘီဘီစီသို့ပြောသည်။ ထို့ကြောင့် သေဆုံးသူဒုက္ခသည်များ၏ အလောင်းကို မှတ်ပုံတင်ထားခြင်းမရှိဘဲ ဒီအတိုင်း မြှုပ်နှံထားခဲ့ရကြောင်း ဒေသခံများက ပြောသည်။

သီယိုဒိုရိန္နျူဆီယာသည် လက်စ်ဗို့စ်မှ စစ်ဆေးရေးအရာရှိဖြစ်ပြီး လက်စ်ဗို့စ်နှင့် အနီးတစ်ဝိုက်ရှိ ကျွန်းများသို့ အလောင်းများ သောင်တင်လာပါက စစ်ဆေးရေး အရာရှိတစ်ဦးအဖြစ် သွားရောက်ရသည်။

"ပျောက်ဆုံးနေတဲ့ မိသားစုဝင်တွေကိုရှာဖို့ လူတချို့ ကျွန်တော့်ကို ဆက်သွယ်လာတာရှိပါတယ်။ သူတို့ဟာ ပျောက်ဆုံးနေတဲ့ မိသားစုဝင်တွေကို ပြန်ရှာတွေ့ဖို့ တကယ်လို့ သေဆုံးသွားပြီဆိုရင်လည်း အလောင်းပြန်ရဖို့ ဆေးရုံကိုသွားကြတယ်။ ဓာတ်ခွဲခန်းကို DNA နမူနာတွေပေးပြီး ဆွေမျိုးသားချင်းတွေ ပြန်ရှာတွေ့ဖို့ အရေးကြီး ပမ်းကြတယ်"လို့ စစ်ဆေးရေး အရာရှိဖြစ်သူ သီယိုဒိုရိန္နျူဆီယာက ပြောသည်။

အီတလီနိုင်ငံ၌ အဆိုပါကိစ္စရပ်များကို လူပျောက်ရှာဖွေရေး အမျိုးသားဌာနက ဆောင်ရွက်ရသည်။ ယင်းဌာန၏အဓိကလုပ်ငန်းများမှာ ပျောက်ဆုံးနေသော ရွှေ့ပြောင်းဒုက္ခသည်များ၏ ကိုယ်ရေးအချက်အလက်များကို မှတ်သားသည့် လုပ်ငန်းပင်ဖြစ်သည်။

၎င်းတို့၏ ကိုယ်ရေးအချက်များကို တစ်စုတစ်စည်းတည်း သိမ်းဆည်းထားပြီး နံပါတ်များနှင့် ခွဲခြားသတ်မှတ်ထားသည်။ ယင်းနံပါတ်များကပင် ၎င်းတို့၏အုတ်ဂူများပေါ်တွင် ရေးထိုးကြရသည်။

"သေဆုံးသူတွေရဲ့ အုတ်ဂူပေါ်မှာ အမည်မှန်နဲ့ မှန်ကန်တဲ့ကိုယ်ရေးအချက်အလက်တွေကိုပဲ ရေးထိုးပေးချင်တာပါ။ အဲဒီအစား နံပါတ်တွေမရေးချင်ပါဘူး" ဟု အီတလီနိုင်ငံ လူပျောက်ရှာဖွေရေး အမျိုးသားဌာနမှ ဗစ်တိုရီယိုပစ်စစ်တယ်လီက ပြောသည်။

"ကျွန်တော်တို့နေ့တိုင်း နေ့တိုင်း ပင်လယ်ပြင်မှာ အသက်ပျောက်ခဲ့ရတဲ့ ယောက်ျား၊ မိန်းမ၊ ကလေးတွေရဲ့ အမည်မှန်ကို သိရဖို့ ကြိုးစားရှာဖွေကြပါတယ်။ ဘာလို့လဲဆိုတော့ သူတို့က မိသားစုလည်းပျောက်၊ အနာဂတ်လည်းပျောက်၊ ဘဝတွေလည်း ပျောက်ခဲ့ကြပြီးပြီ၊ နောက်ဆုံး ကိုယ်ရေးအချက်အလက်လေးတော့ မပျောက်စေချင်ဘူး"ဟု ၎င်းက ပြောသည်။

**နေ့တိုင်း ပင်လယ်ပြင်မှာ အသက်ပျောက်ခဲ့ရတဲ့ ယောက်ျား၊ မိန်းမ၊ ကလေးတွေရဲ့ အမည်မှန်ကို သိရဖို့ကြိုးစားရှာဖွေကြပါတယ်။ ဘာလို့လဲဆိုတော့ သူတို့က မိသားစုလည်းပျောက်၊ အနာဂတ်လည်းပျောက်၊ ဘဝတွေလည်း ပျောက်ခဲ့ကြပြီးပြီ နောက်ဆုံးကိုယ်ရေးအချက်အလက် လေးတော့ မပျောက်စေချင်ဘူး**

ဖာအွတ်ခ်ကတော့ တူ၊ တူမလေးများကိုရှာဖွေသည်ဆိုသည့် ကြိုးပမ်းမှုကို မစွန့်လွှတ်သေးပါ။ တူရကီထိသွားရောက်ပြီး ရှာဖွေဆဲပဲ။ သင်္ဘောပျက်၍ သေဆုံးခဲ့ရသော ကလေးငယ်များကလည်း ဒုနဲ့ဒေး။ ထို့ကြောင့် အေသင်မြို့ကို DNA ပေးပို့ပြီး တူနှင့်တူမများကို ရှာဖွေရန်ကြိုးစားခဲ့သည်။ ဖာအွတ်ခ်တစ်ယောက် ပျောက်ဆုံးနေသည့် ဆွေမျိုးသားချင်းများကို ပြန်ရှာတွေ့မလား။ ဒါမှမဟုတ် သူတို့တွေ လူမသိ သူမသိ သေဆုံးပြီး ပျောက်ဆုံးစာရင်းပဲ ဝင်သွားမလား ဆိုသည်ကမူ .......။

**ကိုးကား-ဘီဘီစီ**



## ကယ်လီဖိုးနီးယား-တရုတ် စီးပွားရေးလုပ်ငန်းရှင်များ အစည်းအဝေး လော့စ်အိန်ဂျလိစ်၌ ကျင်းပ

**လော့စ်အိန်ဂျလိစ် မေ ၁၃**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ ကယ်လီဖိုးနီးယား - တရုတ် စီးပွားရေးလုပ်ငန်းရှင်များအစည်းအဝေးတစ်ရပ်ကို မေ ၁၁ ရက်ကကျင်းပခဲ့ရာ လော့စ်အိန်ဂျလိစ်မြို့ရှိတရုတ်ကောင်စစ်ဝန်ရုံးမှ လို့ကျန်း တက်ရောက်အမှာစကားပြောကြားခဲ့သည်။

စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးရန် ဗုဒ္ဓဟူးနေ့က အဆိုပါအစည်းအဝေးကိုကျင်းပခဲ့ရာ အမေရိကန်နှင့်တရုတ် စွန့်ဦးတီထွင်လုပ်ငန်းရှင် ၂၀၀ ကျော်နှင့် ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

# Myanmar Veneer & Plywood Private Ltd သစ်အချောထည်စက်ရုံ၏ အလုပ်သမားရေးရာ အငြင်းပွားမှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်း

**နေပြည်တော် မေ ၁၃**

စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် Myanmar Veneer & Plywood Private Ltd သစ်အချောထည်စက်ရုံ အလုပ်သမားများ ဆန္ဒပြမှုနှင့် ပတ်သက်၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအနေဖြင့် သုံးကြိမ်တိုင် အလုပ်သမား၊ အလုပ်ရှင်နှင့် အစိုးရပါဝင်သည့် အလုပ်သမားခုံသမာဓိအဖွဲ့က ဖိတ်ကြားတွေ့ဆုံစေကာ စစ်ကိုင်းတိုင်းဒေသကြီး အလုပ်သမားခုံသမာဓိအဖွဲ့၏ ရှင်းလင်းချက်နှင့် ခုံသမာဓိကောင်စီ၏ ဖြေရှင်းချက်များ ထုတ်ပြန်ထားပြီး အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန်ညှိနှိုင်းဆောင်ရွက်ပေးပြီးဖြစ်၍ ဆက်လက်ချီတက်ဆန္ဒပြပါက သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း ယနေ့ သတင်းစာရှင်းလင်းပွဲမှ သိရသည်။



အဆိုပါ သတင်းစာရှင်းလင်းပွဲကို နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနဝန်ကြီးရုံး၌ ယနေ့နံနက် ၈ နာရီတွင်ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦး၊ အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများက ဆန္ဒပြအလုပ်သမားများနှင့် ပတ်သက်၍ စေ့စပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားကြပြီး သတင်းမီဒီယာများ၏ မေးမြန်းမှုကို ဖြေကြားသည်။ **(အပေါ်ပုံ)**

အလုပ်သမားများအကျိုးကို ရှေးရှု၍ ဥပဒေပါ ရပိုင်ခွင့်များရရှိရေး ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေနှင့်အညီ ဆောင်ရွက်ပေးခဲ့ကြောင်း၊ မိမိတို့ဆောင်ရွက်နိုင်သည်ထက် လူမှုရေးအပိုင်းကိုပါ ကြည့်ပြီး အလေးထားဆောင်ရွက်ခဲ့ကြောင်း၊ အငြင်းပွားမှုဖြေရှင်းရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ ကွင်းဆင်းညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များအနေဖြင့် ခုံသမာဓိကောင်စီ ဆုံးဖြတ်ချက်ချပြီးသော်လည်း နှစ်ဖက်ပြေလည်စေရန် အလုပ်သမား၊ အလုပ်ရှင်၊ လွှတ်တော်ကိုယ်စားလှယ်များအား ဖိတ်ကြား၍ စေတနာထား စေ့စပ်ညှိနှိုင်းပေးခဲ့ကြောင်း၊ သို့သော်လည်း ဆန္ဒပြနေသည့် အလုပ်သမားများဘက်က လမ်းစရိတ်မရှိဟု အကြောင်းပြ၍ တက်ရောက်ရန် ပျက်ကွက်ခဲ့ပြီး ယခုအချိန်တွင် ဆက်လက်ဆန္ဒပြ ချီတက်နေကြကြောင်း၊ အငြင်းပွားမှုကို ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းမှုမရှိဘဲ ဆက်လက်ဆန္ဒပြနေပါက သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများက တရားဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်လာနိုင်ကြောင်း ဦးဝင်းရှိန်က ပြောကြားသည်။

ထို့ပြင် ဆန္ဒပြအဖွဲ့မှ အလုပ်သမား ၁၂၈ ဦးအနက် အမျိုးသမီးအလုပ်သမ ၅၆ ဦးအား အလုပ်ပြန်လည်ခန့်အပ်ပေးရေးနှင့် ကြားကာလ လျော်ကြေးငွေ တစ်လစာပေးအပ်မည်ဟု အကြောင်းပြန်စာရရှိထားကြောင်း တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက ပြောသည်။

အလုပ်သမားများအား ၎င်းတို့နှင့်သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် စည်းကမ်းများကို သိရှိနိုင်ရန်အတွက် အသိပညာပေးခြင်းများ ပြုလုပ်ပေးနိုင်ပါရန် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့(ILO)အကြီးအကဲက တိုက်တွန်းပြောကြားထားကြောင်းသိရသည်။

ခုံသမာဓိ၏ ဖြေရှင်းချက်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် www.mol.gov.mm တွင် ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှု သတင်းထုတ်ပြန်ချက်

၁ ။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့ ကြက်မွေးမြူရေးအထူးဇုန်အတွင်းရှိ ကြက်ခြံအချို့တွင် ကြက်သေဆုံးမှုနှင့်ပတ်သက်၍ ပြည်တွင်းရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများတွင် နမူနာပစ္စည်းများကိုစစ်ဆေးခဲ့ရာ H5နှင့် H9 ဗိုင်းရပ်စ်ပိုးများ စစ်ဆေးတွေ့ရှိရသဖြင့် ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများကို ဦးစီးဌာနနှင့် ဒေသဆိုင်ရာအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့သို့ ကနဦး သတင်းပေးပို့ခြင်းနှင့် ဒေသဆိုင်ရာ ရည်ညွှန်းကိုးကားဓာတ်ခွဲခန်းဖြစ်သည့် Australia Animal Health Laboratory (AAHL) သို့ နမူနာပစ္စည်းပေးပို့ခြင်းများဆောင်ရွက်ခဲ့ပါသည်။

၂ ။ Australia Animal Health Laboratory (AAHL) မှ နမူနာပစ္စည်းများတွင် H9N2 ဗိုင်းရပ်စ်ပိုးတွေ့ရှိရကြောင်း ၂၇-၄-၂၀၁၆ ရက်တွင် ကနဦးပြန်ကြားခဲ့ပြီး ၁၁-၅-၂၀၁၆ ရက်တွင် H5 နှင့် H9 ကို တွေ့ရှိကြောင်း ထပ်မံပြန်ကြားခဲ့ပါသည်။

၃ ။ ကြက်ငှက်တုပ်ကွေးရောဂါကို ဆောလျင်စွာဖော်ထုတ်ခြင်း၊ ချက်ချင်းတုံ့ပြန်ဆောင်ရွက်ခြင်း၊ အမြန်ဆုံးအမြစ်ပြတ်စေရန် ဆောင်ရွက်ခြင်းသည် မွေးမြူရေးလုပ်ငန်းတွင် ကြီးမားသောနောက်ဆက်တွဲဆိုးကျိုးများနှင့် ပြည်သူ့ကျန်းမာရေးအတွက် ခြိမ်းခြောက်နေမှုများကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါသည်။

၄ ။ သို့ဖြစ်၍ ၂၀၀၉ ခုနှစ် ကြက်ငှက်တုပ်ကွေးရောဂါ အရေးပေါ်ထိန်းချုပ်ရေးအတွက် ကြိုတင်ပြင်ဆင်ရေးစီမံချက်ပါ လုပ်ငန်းစဉ်များနှင့်အညီ ရောဂါဖြစ်တိရစ္ဆာန်များအား ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းကို စနစ်တကျ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅ ။ ရောဂါကျရောက်ဖြစ်ပွားမှုမရှိသေးသောဒေသများသို့ ရောဂါကူးစက်ခြင်းမရှိစေရန် အောက်ပါအချက်များကို အလေးထားလိုက်နာဆောင်ရွက်သွားရန် အသိပေးနှိုးဆော်အပ်ပါသည်-

- (က) ဆောင်းခိုငှက်များနှင့် အိမ်မွေးကြက်၊ ငှက်၊ ဘဲ၊ ငုံးများဆက်စပ်ထိတွေ့မှု မရှိစေရေး ဂရုပြုဆောင်ရွက်ရန်။
- (ခ) ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်။
- (ဂ) ကြက်ငှက်မွေးမြူရေးခြံများနှင့် ကြက်ဘဲအရှင်ဈေးများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်။
- (ဃ) ကြက်ငှက်မွေးမြူရေးခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများဆောင်ရွက်ရန်။
- (င) ကြက်ငှက် အသား၊ ဥ စသည်တို့ကိုသေချာစွာချက်ပြုတ်ပြီးမှ စားသုံးရန်။
- (စ) ကြက်ငှက်များ ပုံမှန်မဟုတ်သော ရုတ်တရက်သေဆုံးကြောင်း သိရှိရပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ချက်ချင်းသတင်းပို့ရန်။
- (ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**


**စက်မှုဝန်ကြီးဌာန**
**မြန်မာ့ဆေးဝါးလုပ်ငန်း**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ မြန်မာ့ဆေးဝါးလုပ်ငန်းမှ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇အနီး၊ ဇေယျဌာနီလမ်း၊ နေပြည်တော်ရှိ မြေ ဝဒသမဝ၈၄ဇကေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအား ပုဂ္ဂလိကသို့ (၃)နှစ် ငှားရမ်းရေး ဆောင်ရွက်မည် ဖြစ်ပါသည်။
၂။ တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- (က) **တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်နေရာ** - ၁၆-၅-၂၀၁၆ရက် (တနင်္လာနေ့) ရုံး (၃၇)၊ မြန်မာ့ဆေးဝါးလုပ်ငန်း အုပ်ချုပ်ရေးဌာန
- (ခ) **တင်ဒါပိတ်မည့် ရက်/အချိန်** - ၂၃-၅-၂၀၁၆ရက် (တနင်္လာနေ့)ညနေ ၄နာရီ
- (ဂ) **တင်ဒါဖွင့်မည့် ရက်/အချိန်** - အကြောင်းပြန်ကြားသွားပါမည်
- (ဃ) **တင်ဒါတင်သွင်းမည့် နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇) မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များဖြင့် စုံစမ်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း၊ အုပ်ချုပ်ရေးဌာန**
**ဖုန်း-၀၆၇-၄၀၈၁၈၇၊ ၀၆၇-၄၀၈၀၇၆၊ ၀၆၇-၄၀၈၃၉၂**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း(မိတ္ထီလာ)တွင် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

- (က) Desktop Computer Intel Coro i7 (၂၅)လုံး
- (ခ) UPS(1200VA)Power Tree (၂၅)လုံး
- (ဂ) Digital Multifunction Copier(A3) (၂)လုံး
- (ဃ) Printer (Canon LBP 2900) (၁၂)လုံး
- (င) ကွန်ပျူတာတင်စားပွဲ(3'.6"x1'.6"x2'.6")နှင့် ထိုင်ခုံ(1'.6"x1'.6"x3'.0") (၁၀)စုံ
- (စ) ကွန်ပျူတာတင်စားပွဲ(2'.0"x1'.6"x2'.6")နှင့် ထိုင်ခုံ(1'.6"x1'.6"x3'.0") (၁၅)စုံ
- (ဆ) သင်တန်းသားသုံး Locker (၁၀၀)လုံး
- (ဇ) One Armed Chair (၃၀)လုံး
- (ဈ) ခုတင် (6'.6"x3'.0"x1'.6") (၁၀၀)လုံး

၂။ တင်ဒါနောက်ဆုံးပေးသွင်းရမည့်ရက်မှာ ၈-၆-၂၀၁၆ရက် မွန်းလွဲ ၁၂:၃၀ နာရီ ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် ဆက်သွယ်စုံစမ်းရယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၄-၂၃၅၄၅၊ ၀၉-၂၅၆၁၇၁၁၇၅၊ ၀၉-၄၀၂၅၆၁၂၀၀**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 4J/3117 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2F/1467 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ပျောက်ဆုံးကြောင်း**

ကျွန်မ မခင်သက်ဝေ ၁၂/ဒဂတ(နိုင်)၀၅၉၈၃၁၏ Passport (No မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၉၉၉၉၁၇၈**

**အမည်ပြောင်း**

ဦးထွန်းလင်း၏သား ပုဏ္ဏားကျွန်း၊ အထက(ခွဲ)မြို့မ အဋ္ဌမတန်းမှ မောင်မင်းဟိဏ်းခန့်အား မောင်အောင်ဘုန်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်အောင်ဘုန်းမြတ်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်ကောင်းဇံရွှေ (ဘ) ဦးအောင်ရွှေ ၁၀/မလမ(နိုင်)၂၃၉၃၂၇ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) မှာ ပြည်တွင်း၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၅၃၂၈၄၉၂**


**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း**
**အထပ်မြင့်အဆောက်အအုံဆောက်လုပ်ခွင့်နှင့် စပ်လျဉ်းသည့် အသိပေးကြေညာချက်**

၁။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း အထပ်မြင့်အဆောက်အအုံဆောက်လုပ်ခွင့်များအား စိစစ်ခွင့်ပြုရာတွင် (၉)ထပ်မှ (၁၂)ထပ်ခွဲအထိ အဆောက်အအုံများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ အစည်းအဝေးမှလည်းကောင်း၊ (၁၃)ထပ်နှင့်အထက် အဆောက်အအုံများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးမှလည်းကောင်း စိစစ်ပြီး မူအားဖြင့် ခွင့်ပြုပေးခဲ့ပါသည်။

၂။ ယင်းသို့ မူအားဖြင့် ခွင့်ပြုချက်ရရှိပြီးသော (၉)ထပ်မှ (၁၂)ထပ်ခွဲအထိ အဆောက်အအုံများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အထပ်မြင့်အဆောက်အအုံဆောက်လုပ်မှုဆိုင်ရာ စံချိန်စံညွှန်းများ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးအဖွဲ့ (HIC) မှလည်းကောင်း၊ (၁၃)ထပ်နှင့်အထက် အဆောက်အအုံများအား အထပ်မြင့်အဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့ (CQHP)မှလည်းကောင်း၊ Design များစိစစ်ပြီး အဆင့်အလိုက် Design စိစစ်ထောက်ခံချက်များရရှိမှသာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ဆောက်လုပ်ခွင့်ပြုမိန့်များကို အပြီးသတ်အတည်ပြုထုတ်ပေးလျက်ရှိပါသည်။

၃။ ယခုအခါ မြို့ပြအင်္ဂါရပ်ဖွံ့ဖြိုးမှုနှင့်ကိုက်ညီစေရန် ပိုမိုစနစ်ကျစေရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ ဖွဲ့စည်း၍ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခွင့်အား အသေးစိတ်စိစစ်သွားမည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း မူအားဖြင့်သာ ခွင့်ပြုချက်ရရှိထားပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ အပြီးသတ်အတည်ပြုထုတ်ပေးသော ဆောက်လုပ်ခွင့်ပြုမိန့် မရရှိသေးသည့် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို ခေတ္တရပ်ဆိုင်းထားကြပါရန်နှင့် ပူးပေါင်းညှိ နှိုင်းဆောင်ရွက်ရေးအဖွဲ့ကကွင်းဆင်းစစ်ဆေးပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက ဆောက်လုပ်ခွင့်အား ဆက်လက်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ဘားအံအကျဉ်းထောင်(တောင်ကလေး)၌ ရေပြတ်လပ်နေ၍ အလှူရှင်များ သောက်သုံးရေ လာရောက်လှူဒါန်းနိုင်



**ဘားအံ မေ ၁၃**
ကရင်ပြည်နယ် ဘားအံမြို့နယ်မှ အကျဉ်းသားဦးရေ ၁၀၀၀ ကျော်ရှိသော တောင်ကလေးအကျဉ်းထောင်အတွင်း ရေပြတ်လပ်မှုဖြစ်ပေါ်နေသည့်အတွက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကရင်ပြည်နယ် သတင်းမီဒီယာသမားများက သောက်သုံးရေများ မေ ၁၁ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

တောင်ကလေးအကျဉ်းထောင်၌ မေလဆန်းပိုင်းမှ စတင်ကာ သောက်သုံးရေမလုံလောက်မှု ကြုံတွေ့လာရကာ သောက်ရေသန့်များကို လှာကမြင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဆောင်သည့်အဖွဲ့က လှူဒါန်းပေးနေသည့်အတွက် အဆင်ပြေခဲ့သော်လည်း အကျဉ်းသား ၁၀၀၀ ကျော်နှင့် အကျဉ်းဦးစီး ဝန်ထမ်း ၂၀၀ ကျော်အတွက် သုံးရေအခက်အခဲများ ဖြစ်ပေါ်နေကြောင်း တောင်ကလေးအကျဉ်းထောင် တာဝန်ရှိသူများထံမှ သိရသည်။

"မနှစ်က ရေအခက်အခဲ မဖြစ်ခဲ့ဘူး။ မဖြစ်ရတဲ့အကြောင်းက မနှစ်က အကျဉ်းသား ၅၀၀ ကျော်ပဲရှိတယ်။ ဒီနှစ်မှာတော့ အကျဉ်းသား ၁၀၀၀ ကျော်ရှိပြီး ဝန်ထမ်းမိသားစုက ၂၀၀ ကျော်ရှိတယ်။ နောက်ရာသီဥတုက သာမန်နှစ်တွေထက် ပိုပြီး ပူပြင်းတယ်။ လတ်တလောအခြေအနေအရ အကျဉ်းသားတစ်ယောက် ရေငါးခွက်ပဲချိုးရတဲ့အထိ ဖြစ်ခဲ့တယ်။ သင်္ကြန်မတိုင်မီကတည်းက စက်ရေတွင်းတွေတူးလိုက်တာ ခုနစ်တွင်းရှိပြီ။ တစ်တွင်းမှမအောင်ဘူး။ အခုလည်း ရှာဖွေတူးနေတုန်းပါပဲ။ သောက်ရေကိုတော့ လှာကမြင်အုပ်ချုပ်ရေးမှူးက တစ်ရက်ခြားလှူဒါန်းပေးနေလို့ အဆင်ပြေပါတယ်။ ခုလို ကျေးလက်ဖွံ့ဖြိုးရေးက လာရောက်လှူဒါန်းပေးတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့လည်း ဝိုင်းဝန်းပူးပေါင်းပေးပါမယ်"ဟု ဘားအံအကျဉ်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးက ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကရင်ပြည်နယ် သတင်းမီဒီယာသမားများက သောက်သုံးရေများ လှူဒါန်းရာတွင် လမ်းဦးစီးဌာနမှ ဂါလန် ၂၄၀၀ ဆံ့ ရေသယ်ယာဉ်ဖြင့် လေးခေါက် စုစုပေါင်းရေဂါလန် ၉၆၀၀ နှင့် ရေသန့်ဘူးကြီး ၅၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့မှာ အခြားဆောင်ရွက်ဆဲလုပ်ငန်းတွေ အများကြီးရှိပေမယ့် အကျဉ်းထောင်ထဲမှာ ရေလိုအပ်ချက်ကိုတော့ ဆက်လက်လှူဒါန်းသွားမှာပါ။ အခုကျွန်တော်တို့ ရေသယ်ယာဉ်က ဂါလန် ၂၄၀၀ ဆံ့တယ်ဆိုတော့ နေ့စဉ်တစ်နေ့သုံးခေါက်လောက်ဆွဲပေးရင် အဆင်ပြေမှာပါ"ဟု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ပြောကြားသည်။

ယခင်က အကျဉ်းထောင်အတွက် လိုအပ်သောရေကို ထောင်၏နောက်ပိုင်းရှိ အင်းရေလှောင်ကန်မှ ပိုက်ဖြင့် သွယ်ယူသုံးစွဲခဲ့ပြီး ယခင်နှစ်များက ရေခန်းခြောက်မှုမရှိခဲ့သည့်အတွက် ထောင်အတွင်း ရေပြတ်လပ်မှု မကြုံခဲ့ရကြောင်း၊ ဘားအံတောင်ကလေးအကျဉ်းထောင်၌ လက်ရှိအချိန် နေ့စဉ်ရေလိုအပ်ချက်မှာ ဂါလန်တစ်သောင်းခွဲခန့် ရှိနေရာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်းကလည်း နှစ်ရက်ခြားတစ်ကြိမ် ဂါလန် ၁၂၀၀ ဆံ့ ရေသယ်ယာဉ်နှစ်စီးဖြင့် ဘားအံတောင်ကလေးအကျဉ်းထောင်သို့ ရေလှူဒါန်းလျက်ရှိကာ ဆက်လက်၍လည်း လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တောင်ကလေးအကျဉ်းထောင်နှင့် လက္ခဏကျေးရွာ(ဘဝသစ်)အပြင် လတ်တလောသောက်သုံးရေလိုအပ်လျက်ရှိသည့် အထက်ကော့ရင်း၊ အောက်ကော့ရင်း၊ လှာကာ၊ ပန်းကုန်း၊ ငနက်ပြာ၊ တောကြီးကုန်း၊ ဆင်ကြုံး၊ ဝတ်ကြီး၊ အလယ်ရွာနှင့် သစ်ဖြူပင်ဆိပ်ကျေးရွာများသို့လည်း ကရင်ပြည်နယ်ရှိ ဌာနပေါင်းစုံ ပူးပေါင်းမှုဖြင့် သောက်သုံးရေများ လှူဒါန်းလျက်ရှိကြောင်း၊ ဒေသတွင်းမှ ပြည်သူများ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ဌာနပေါင်းစုံ ပူးပေါင်းမှုဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဘားအံတောင်ကလေးအကျဉ်းထောင်တွင် နေ့စဉ်လိုအပ်နေသော သောက်သုံးရေများကို အခြားဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသတွင်းလုပ်ငန်းရှင်များနှင့် စေတနာရှင်ပြည်သူများကလည်း လာရောက်လှူပေးနိုင်ကြောင်း အကျဉ်းဦးစီးဌာနမှ သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## ထင်သာမြင်သာ ပြုပြင်စရာ

# သရက်မြို့ပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံများကို ရှင်းလင်းပေးသင့်

**သရက် မေ ၁၃**
မကွေးတိုင်းဒေသကြီး သရက်မြို့ မြို့ပေါ်ရပ်ကွက်များအတွင်း ပြည်သူများ သွားလာနေကြသည့်နေရာများ၌ လူမနေတော့သည့် ပြိုကျပျက်စီးတော့မည့် အန္တရာယ်ရှိအဆောက်အအုံများ ရှိနေသဖြင့် လာမည့်မိုးဦးရာသီကာလတွင် စိုးရိမ်ဖွယ်ဖြစ်နေ၍ စည်ပင်သာယာရေးအဖွဲ့အနေဖြင့် လိုအပ်သလို ရှင်းလင်းဆောင်ရွက်ပေးရန် သရက်မြို့မှ ပြည်သူအချို့က ဆန္ဒရှိနေကြသည်။



သရက်မြို့ပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံများမှာ ရုံးရပ်ကွက် ကမ်းနားလမ်းရှိ နှစ်ထပ်တိုက်ပျက် လူမနေ အဆောက်အအုံ၊ ရိုးရပ်ကွက် လမ်းမတော်လမ်း မြို့မရဲစခန်းဝင်းအတွင်းရှိ ပျဉ်ထောင်အိမ်တစ်လုံး၊ တောင်မင်းတည်းရပ်ကွက် ကမ်းနားလမ်းရှိ လူမနေ ပျဉ်ထောင်နှစ်ထပ်အိမ်အဆောက်အအုံ တစ်လုံးနှင့် အထက(၁)ခွဲ ယခင် စိန်မေရီကျောင်းရှိ စာသင်ဆောင် အဆောက်အအုံတို့ ဖြစ်သည်။

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယခင်ရက်ပိုင်းက ထုတ်ပြန်ခဲ့သည့်သတင်းအရ လာမည့်မိုးဦးရာသီတွင် လေထုမငြိမ်မသက်မှုများ၊ လေပြင်းတိုက်ခတ်မှုများ ရှိနိုင်ခြင်းကြောင့် မြို့ပေါ်ရှိ ပြိုကျပျက်စီးနိုင်သော အန္တရာယ်ရှိအဆောက်အအုံများကို ကြိုတင်ရှင်းလင်းထားသင့်ကြောင်း မြို့ခံအချို့က ဆိုသည်။

စည်ပင်သာယာရေးအဖွဲ့များ ဥပဒေနှင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေများအရ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့အနေဖြင့် အန္တရာယ်ရှိသော (သို့)လူနေထိုင်ရန်မသင့်လျော်သော အဆောက်အအုံကိုဖြစ်စေ၊ အဆောက်အအုံ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ နေထိုင်သူများကို ဖယ်ရှားစေခြင်းတို့ကို ညွှန်ကြားနိုင်သည်။

သို့ဖြစ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အနေဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ပိုင်ရှင်များအား အန္တရာယ်ရှိ အဆောက်အအုံများကို အမြန်ဆုံး ပြုပြင်ဖယ်ရှားစေရန် ညွှန်ကြားကာ လိုအပ်သလို ဆောင်ရွက်ပေးသင့်ကြောင်း မြို့ခံပြည်သူအချို့က အကြံပြု ပြောကြားလျက်ရှိသည်။

**ပေါက်ကလေး(သရက်)**

# စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာများ ဆွေးနွေး

**မကွေး မေ ၁၃**
စားသုံးသူများ၏ အခွင့်အရေးကို အကာအကွယ်ပေးနိုင်ရန်ရည်ရွယ်၍ မကွေးဒေသတွင်းမှ ဆီစက်လုပ်ငန်းရှင်များနှင့် စားသုံးသူရေးရာ ဦးစီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို မကွေးမြို့ စိုးကောမင်းရပ်ကွက်ရှိ စားသုံးသူရေးရာဦးစီးဌာနရုံး၌ မေ ၁၁ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှူး ဦးမောင်မောင်အေးက အမှာစကားပြောကြားပြီး ဆီစက်လုပ်ငန်းရှင်များဥက္ကဋ္ဌ ဦးနေလင်းအောင်က တွေ့ဆုံဆွေးနွေးခွင့်ရရှိခြင်းအတွက် ကျေးဇူးတင်စကားပြောကြားကာ ဒေါက်တာပြည့်ထူးက စားသုံးဆီမသန့်လျှင် ဖြစ်ပေါ်နိုင်သော ဆိုးကျိုးများ၊ ရောနှောဆီများနှင့် ကောင်းမွန်သော ထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းကျင့်စဉ်များအပေါ် ရှင်းလင်းဆွေးနွေးခဲ့ပြီး ဆီစက်လုပ်ငန်းရှင်များက တွေ့ကြုံရသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို ရှင်းလင်းပြောကြားကာ သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**သန်းနိုင်ဦး(ငဖဲ)**





# မြိတ်မြို့နယ်အတွင်းမှ ရေအခက်အခဲဖြစ်နေသော ကျေးရွာများသို့ သောက်သုံးရေ ဖြန့်ဝေပေး

**မြိတ် မေ ၁၃**
တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ရေခန်းခြောက်မှုများကြောင့် ပြည်သူများ ရေအခက်အခဲ ကြုံတွေ့ရလျက်ရှိရာ ရေအခက်အခဲဖြစ်လျက်ရှိသည့် တုံးဗျောကျေးရွာအုပ်စုမှ ချောင်းဝပြင်ကျေးရွာနှင့် မွေ့ရှောင်ကျေးရွာ၊ မဇောကျေးရွာအုပ်စုမှ ခုံမော်ကျေးရွာနှင့် ဘန်မဲ့ကျေးရွာများသို့လည်းကောင်း၊ ကွန်ပျူတာတက္ကသိုလ်(မြိတ်)သို့လည်းကောင်း သောက်သုံးရေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်အေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦး၊ မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းတို့က မီးသတ်ဦးစီးဌာနမှ ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်တစ်စီး၊ ရေဂါလန် ၁၂၀၀ ဆံ့ မီးသတ်ရေသယ်ယာဉ်နှစ်စီးဖြင့် မေ ၁၁ ရက်က ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

မြိတ်မြို့နယ်တွင် ယခုနှစ်အတွင်း အယ်နီညိုရာသီဥတု အပူချိန်မြင့်တက်မှုများကြောင့် ကျေးရွာ ၃၅ ရွာတွင် သောက်သုံးရေများ ခန်းခြောက်လျက်ရှိရာ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ ပရဟိတအသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များက သောက်သုံးရေအခက်အခဲဖြစ်သည့် ကျေးရွာများသို့ နေ့စဉ် ရေများ ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# နမ့်ခမ်းမြို့နယ်စပ် ရွှေလီကြိုးတံတားဖြတ်သန်းခ မကောက်တော့၍ ပြည်သူများ အချိန်ကုန်သက်သာပြီးအဆင်ပြေလျက်ရှိ

**နမ့်ခမ်း မေ ၁၃**

ရှမ်းပြည်နယ် မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်စပ် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်ရှိ ရွှေလီကြိုးတံတားတွင် ဧပြီ ၁ ရက်မှစ၍ တံတားဖြတ်သန်းခ ကောက်ခံခြင်းမရှိတော့ဘဲ ဖြတ်သန်းသွားလာနိုင်ခဲ့သောကြောင့် ပြည်သူများအတွက် အချိန်ကုန်သက်သာပြီး အဆင်ပြေနေကြကြောင်း သိရသည်။

မန်စီမြို့နယ် မန့်ဝိန်းကြီးကျေးရွာမှ ကိုယ်ပိုင်ယာဉ်မောင်းသူတစ်ဦးက "ကျွန်တော်က မန့်ဝိန်းကြီးရွာမှာနေပါတယ်။ ဒီတံတားကို အမြဲဖြတ်သန်းသွားလာ ရတာပါ။ အရင်က တံတားကိုဖြတ်တဲ့အခါ ဖြတ်သန်းခပေးရတယ်။ အခု မပေးရတော့ဘူးဆိုတော့ သွားလာရတာ အဆင်ပြေတယ်။ အချိန်လည်းမကုန်တော့ဘူး" ဟု ပြောသည်။



နမ့်ခမ်းမြို့မှ အငှားယာဉ်မောင်းတစ်ဦးကလည်း "ဒီတံတားကို ဖြတ်သန်းခ မကောက်ခံတော့ဘူးဆိုတော့ ကျွန်တော်တို့ အငှားယာဉ်မောင်းတဲ့သူတွေအနေနဲ့ အပိုငွေမကုန်ဘဲ ကိုယ့်အတွက် နည်းနည်းပိုကျန်တာပေါ့။ အကြံပေးချင်တာကတော့ တံတားကို တန်ပိုကုန်ကားကြီးတွေ ဖြတ်သန်းမသွားအောင် သက်ဆိုင်ရာ တာဝန်ရှိသူတွေက ကြပ်မတ်ပေးရင် ပိုကောင်းမယ်။ ဒါမှ တံတားကြီး ရေရှည်ခံမယ်" ဟု ပြောသည်။

ယခင်က လေလံစနစ်ဖြင့် တံတားဖြတ်သန်းခကောက်ခံခဲ့ရာမှ ဧပြီ ၁ ရက်မှစ၍ ရပ်ဆိုင်းခဲ့ပြီးနောက် ပြည်သူများ၏ သဘောထားကို နမ့်ခမ်းမြို့နယ် လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်ကျော်နှင့်အဖွဲ့က မေ ၇ ရက်က ကွင်းဆင်းမေးမြန်းခဲ့ရာတွင် လမ်းအသုံးပြုသူ ပြည်သူများက ပြောကြားခဲ့ခြင်းဖြစ်သည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# ပုလဲသွယ် GW 1 နှမ်းစပါးစံပြကွက်ရိတ်သိမ်းမှု တစ်ဧကလျှင် ၁၅၆ တင်းနှုန်းထွက်ရှိ

**ကနီ မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ကနဲကျေးရွာ၌ စိုက်ပျိုးထားသော နွေစပါးစံပြကွက် ၁၀ ဧကမှ ၀ ဒသမ ၁ ဧကကို မေ ၁၁ ရက်က စံကွက်ရိတ်သိမ်းရာ ခြွေလှေ့ပြီး တစ်ဧကအထွက်နှုန်း ၁၅၆ တင်း ထွက်ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိက ယခုနှစ် ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ရာသီတွင် သတ်မှတ်လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရန်အတွက် လယ်သမားများ စိုက်ပျိုးစရိတ်ချေးငွေရရှိရေးနှင့် လိုအပ်သည့် စိုက်ပျိုးရေးနည်းစနစ်များကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ စိုက်ပျိုးချိန်နှင့်ကိုက်ညီသော စပါးမျိုးများဖြစ်သည့် ရက်ကိုးဆယ်စပါး၊ ပုလဲသွယ် (GW1)နှင့် သီးထပ်ရင်စပါးများကို အများဆုံးစိုက်ပျိုးခဲ့ကြသဖြင့် ယခုရိတ်သိမ်းသည့် ကနဲကျေးရွာအုပ်စုတွင် နွေစပါးအထွက်ကောင်းခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

စံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်းနှင့် ဌာနဆိုင်ရာများ၊ ကနဲကျေးရွာအုပ်စုအတွင်းမှ နွေစပါးစိုက်တောင်သူများ လာရောက်လေ့လာခဲ့ကြသည်။

ကနီမြို့နယ်တွင် နွေစပါးကို ချင်းတွင်းမြစ်ဘေးရှိ ကျေးရွာအများစုတွင် အဓိကစိုက်ပျိုးကြကြောင်း၊ ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ပျိုးရာသီတွင် ကျေးရွာအုပ်စု ၁၂ အုပ်စု၌ ဧက ၇၅၀ စိုက်ပျိုးရန်လျာထားခဲ့သည့်အနက် ဧက ၇၀၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သန်းငွေအောင်(ကနီ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြော

**မြန်အောင် မေ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ယာဉ်အန္တရာယ် လျော့နည်းကျဆင်းရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဖေ ဦးဆောင်သော တပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲများကို မြန်အောင်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် မြန်အောင်အထကကျောင်းတို့၌ မေ ၁၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်အောင်ဘဏ်ခွဲ၌ ဟောပြောရာတွင် မိုးရာသီ သီးနှံစိုက်ပျိုးစရိတ်ချေးငွေ လာရောက်ထုတ်ယူကြသော ရှားတောကျေးရွာအုပ်စုမှ တောင်သူလယ်သမားများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ မှုခင်းလျော့နည်းကျဆင်းရေးဆိုင်ရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကာ ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့သည်။



နေ့လယ်ပိုင်းတွင် မြန်အောင် အထကကျောင်းခန်းမ၌ ဟောပြောပွဲကို ထပ်မံကျင်းပခဲ့ပြီး သူငယ်တန်း(KG) သင် ဆရာ ဆရာမများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေးဆိုင်ရာများ အသိပညာပေး ဟောပြောကာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ဝင်းဗိုလ်**

# ရဲတပ်ဖွဲ့ကဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပြည်သူများအား ရှင်းလင်း

**နောင်ချို မေ ၁၃**

နောင်ချိုမြို့နယ် ရဲတပ်ဖွဲ့က ပြည်သူ့ဝန်ဆောင်မှုရှေးရှုသောစနစ်အဖြစ် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ နောင်ချိုမြို့ပန်ဟန်ရပ်ကွက်နေ ပြည်သူများအား မေ ၁၁ ရက်က လိုက်လံရှင်းလင်း အသိပေးခဲ့ကြောင်း သိရသည်။

ရက် ၁၀၀ အတွင်းဆောင်ရွက်မည့် မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်း၊ လူမှောင်ခိုကုန်ကူးမှုတားဆီးရေးလုပ်ငန်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ပါက ရဲတပ်ဖွဲ့က ကူညီဆောင်ရွက်ပေးရန် ပြင်ဆင်ထားမှု၊ မှုခင်းလျော့နည်းကျဆင်းရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ စသည်တို့ကို နောင်ချိုမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး မျိုးတင့်ခိုင်နှင့် နယ်ထိန်းများ၊ ရဲတပ်ဖွဲ့ဝင်များက ပန်ဟတ်ရပ်ကွက်နေ ပြည်သူများအား တစ်အိမ်တက်ဆင်း လိုက်လံရှင်းပြ အသိပေးခဲ့ခြင်းဖြစ်ကာ မှုခင်းများဖြစ်ပွားပါက ပြည်သူများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ လာရောက်သတင်းပို့တိုင်ကြားရန် စသည်တို့ကိုလည်း မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရသစ်၏ စတင်တာဝန်ယူသည့် ရက် ၁၀၀ ကာလအတွင်း ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲမှုများကို ရက် ၁၀၀ စီမံချက်ချမှတ်၍ မြို့နယ်အသီးသီး၌ ဆောင်ရွက်လျက်ရှိရာ နောင်ချိုမြို့မရဲစခန်းအနေဖြင့်လည်း မြို့နယ်အတွင်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိပြီး မူးယစ်ဆေးဝါးရောင်းဝယ်မှုများကို ဖမ်းဆီးဖော်ထုတ်ခြင်း၊ မှုခင်းများလျော့နည်းကျဆင်းရေးအတွက် လှည့်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ပျားအုံပွားလုပ်ငန်းဆောင်ရွက်ရန် စဉ့်ကိုင်မြို့နယ်သို့ ပျားမွေးမြူရေးလုပ်ငန်းများ ရွှေ့ပြောင်းရောက်ရှိလာ

**စဉ့်ကိုင် မေ ၁၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းမှ အောင်မြင်ဖြစ်ထွန်းနေသော နှမ်းစိုက်ခင်းများမှ ပန်းဝတ်မှုံများကို စားသောက်ပြီး ပျားအုံပွားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပုဂ္ဂလိက ပျားမွေးမြူရေးလုပ်ငန်းအဖွဲ့များ စဉ့်ကိုင်မြို့နယ်အတွင်းသို့ ဧပြီလကုန်ပိုင်းမှစ၍ ဝင်ရောက်လာလျက်ရှိကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ်တွင် ရောက်ရှိနေသော ပန်းမြတ်ရာဇာ ပျားရည်ထုတ်လုပ်ရေးအဖွဲ့မှ ကိုမျိုးအောင်က "ကျွန်တော်တို့နဲ့အတူ ပျားအုံ ၄၀၀ ပါပါတယ်။ မေလဆန်းကနေ ဩဂုတ်လကုန်အထိ ပျားအုံပွားလုပ်ငန်း ဆောင်ရွက်မှာပါ။ နှမ်းတွေ ရိတ်သိမ်းပြီးလို့ကုန်သွားရင် ရှမ်းပြည်နယ် ကလောဘက်ကို ပြောင်းရွှေ့ပြီး ပြောင်းဖူးဝတ်မှုံစားခိုင်းပြီး အုံပွားလုပ်ငန်း ဆောင်ရွက်ရပါတယ်"ဟု ပျားအုံပွားလုပ်ငန်း ရွှေ့ပြောင်းလုပ်ကိုင်ရပုံကို ရှင်းပြသည်။

ပျားမွေးမြူရေးလုပ်ငန်းများအနေဖြင့် ပျားအုံပွားလုပ်ငန်းကို မေလမှ ဩဂုတ်လကုန်ပိုင်းအထိဆောင်ရွက်ရပြီး ပန်းများကောင်းသည့်နေရာများကို ရွှေ့ပြောင်းလုပ်ကိုင်ရကြောင်း၊ ပျားရည်ထုတ်လုပ်မှုကို စက်တင်ဘာလဆန်းမှ ဧပြီလကုန်ပိုင်းအထိ ဆောင်ရွက်ရကြောင်း၊ ဒေသအလိုက် ရာသီအလိုက် ပန်းများကောင်းလျှင်ကောင်းသလို ပျားရည်အထွက်နှုန်းကောင်းကြောင်း၊ ပျားအုံတစ်အုံမှ တစ်ပတ်လျှင် ရေသန့်ဘူးဖြင့် ခုနစ်ဘူး၊ ရှစ်ဘူးခန့်အထိ ထုတ်လုပ်နိုင်ကြောင်း၊ ပျားအုံ ၄၀၀ ခန့်ရှိပါက တစ်ပတ်လျှင် ၄၄ ဂါလန်ဝင် ပီပါရှစ်လုံးခန့်နှုန်းအထိ ထုတ်လုပ်နိုင်ကြောင်း သိရသည်။

**အောင်မင်း(စဉ့်ကိုင်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကျင်းပ

**မြိတ် မေ ၁၃**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် (၁၉)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို မြိတ်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မေ ၁၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။



ပြိုင်ပွဲများကို မူးယစ်ကင်းစင် ဒို့ဘဝ အသွင် အစဉ်ဖွံ့ဖြိုးဖို့ ကြိုးပမ်းစို့၊ စီးပွားကျန်းမာလူမှုဘဝ မူးယစ်ရှောင်မှ အလွန်လှပ၊ တိုင်းပြည်တိုးတက်သာယာဖို့ မူးယစ်ဆေးကိုရှောင်ရှားစို့၊ လူတိုင်းကိုယ်စီရှောင်ကြဉ်ခြင်း တစ်ပြည်လုံးမှာ မူးယစ်ကင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး မူးယစ်ဆေးကိုရှောင်ပါမနှေး စသည့်ခေါင်းစဉ်များဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်ခွဲခြားကာ ကျင်းပခဲ့သည်။ ပြိုင်ပွဲတွင် မြိတ်မြို့ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပန်းချီပြိုင်ပွဲတွင် ၁၉ ဦး၊ ပိုစတာပြိုင်ပွဲတွင်ကိုးဦး၊ ကာတွန်းပြိုင်ပွဲတွင် ၁၅ ဦးနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ငါးဦး စုစုပေါင်း အခြေခံပညာ ကျောင်းသားကျောင်းသူ ၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း၊ မြိတ်မြို့နယ်ပညာရေးမှူး ဦးငွေလွင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် စက်မောင်းနှင်ရေးဒီဇယ်ဆီများထောက်ပံ့

**လယ်ဝေး မေ ၁၃**

နေပြည်တော် လယ်ဝေးမြို့နယ် ရေကန်များအတွင်း သောက်သုံးရေ ဖြည့်သွင်းထားရှိနိုင်ရေးအတွက် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်မောင်း ဒီဇယ် ၃၆ ဂါလန်ကို ကျောက်ကျောင်းစု ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာသုံးရွာသို့ မေ ၉ ရက်က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မတ်လမှစတင်၍ လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အဆိုပါဦးစီးဌာနမှကျေးရွာပေါင်းရှစ်ရွာသို့ စက်မောင်းဒီဇယ်ဆီ ၁၀၆ ဂါလန်၊ ရေသယ်ကားအတွက် ဒီဇယ်ဂါလန် ၆၀ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**



# အယ်နီညိုရာသီဥတုကြောင့် ဘားအံမြို့နယ်၌ ရေပြတ်လပ်

**ဘားအံ မေ ၁၃**

အယ်နီညိုရာသီဥတုကြောင့် တိုင်းဒေသကြီး ပြည်နယ်များတွင် အပူရှိန်မြင့်တက်မှုကြောင့် ရပ်ကွက်ကျေးရွာများ၌ ရေတွင်းရေကန်များ ရေခန်းခြောက်မှုဖြစ်ကာ သောက်သုံးရေရှားပါးပြတ်လပ်မှုများ ကြုံတွေ့နေရသည်။

ထိုသို့ ရေရှားပါးပြတ်လပ်သော ကျေးရွာများသို့ နိုင်ငံတော်အစိုးရ၏ စီစဉ်ညွှန်ကြားမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့၏ စီမံကွပ်ကဲမှုဖြင့် ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ရေရှားပါးပြတ်လပ်သော ရပ်ကွက်၊ ကျေးရွာများသို့သွားရောက်၍ ရေလှူဒါန်းမှုမှာ ဆောင်ရွက်လျက်ရှိသည်။ ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ဘားအံမြို့နယ် မီးသတ်တပ်ဖွဲ့တို့ ပူးပေါင်းမှုဖြင့် ရေရှားပါးပြတ်လပ်သော ကျေးရွာများသို့ စဉ်ဆက်မပြတ် ရေလှူဒါန်းမှုများ ဆောင်ရွက်လျက်ရှိသည်။

အယ်နီညိုရာသီဥတု ပူပြင်းမှုကြောင့် ဘားအံမြို့နယ်တစ်ခွင် သောက်သုံးရေရှားပါးပြတ်လပ်မှု ဖြစ်ပေါ်နေသကဲ့သို့ ဘားအံအကျဉ်းထောင်၌လည်း ရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေရကြောင်း တရားရုံးထုတ် အချုပ်သားများ၏ ပြောပြချက်အရ သိရသည်။

တရားရုံးထုတ် အချုပ်သားတစ်ဦးက "ကျွန်တော်တို့ ချုပ်နှောင်ခံရတဲ့ ဘားအံအကျဉ်းထောင်မှာ ၅×၃ လက်မခန့်ရေခွက်နဲ့ ရေခြောက်ခွက်ပဲ ချိုးခွင့်ရတယ်။ နောက်ပြီးရေခွက်က အောက်မှာ ဖောက်ထားသေးတယ်။ ရေကနီရဲနေပြီး မသန့်ရှင်းတော့ အကျဉ်းထောင်အချုပ်သားတွေ ယားနာတွေ ဖြစ်ပွားနေပါတယ်၊ သောက်ရေကတော့ ဘားအံမြို့မှာဖွင့်လှစ်ထားတဲ့ ရေသန့်စက်ရုံတွေက လာရောက်လှူဒါန်းပေးပါတယ်" ဟု ဘားအံတရားရုံးအချုပ်ခန်း၌ မေလပထမပတ်က ဒေသခံမီဒီယာများနှင့် တွေ့ဆုံစဉ်ပြောကြားသည်။

တရားရုံးအချုပ်ခန်းရှိ အချုပ်သားတစ်ဦးက "ကျွန်တော်တို့ ဘားအံအကျဉ်းထောင်ကိုလည်း အကျဉ်းသားတွေရဲ့ သောက်သုံးရေမလုံလောက်မှုဖြစ်နေတဲ့အပေါ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ မီးသတ်တပ်ဖွဲ့တွေပူးပေါင်းပြီး ရေလာလှူပေးစေချင်ပါတယ်"ဟု မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ ကရင်ပြည်နယ်သတင်းစာ ဆရာအသင်းမှ အဖွဲ့ဝင်များအား ပြောသည်။

**ထွန်းထွန်းထွေး (ဘားအံ)**

## မန္တလေး၌ ရဲအရာရှိများ လုပ်ငန်းခွင်ဝင် သင်တန်းဖွင့်

**မန္တလေး မေ ၁၃**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအရာရှိ အတတ်သင်ကျောင်းအရာရှိများ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၂/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို မေ ၉ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိရဲအရာရှိ အတတ်သင်ကျောင်းခန်းမ၌ ကျင်းပသည်။ အဆိုပါသင်တန်းတွင် သင်တန်းသား ၃၁ ဦးကို လက်တွေ့လုပ်ငန်းခွင်အတွေ့အကြုံများနှင့် သိသင့်သိထိုက်သည့် အချက်အလက်များကို သက်ဆိုင်ရာဌာနများမှ လာရောက်ဆွေးနွေးလေ့ကျင့်ပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ မေ ၉ ရက်မှ ဇွန် ၃ ရက်အထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



**ကသာမှ ဗန်းမော်သို့ ဆန်တင်ဆောင်လာသော ဇာနီမင်းထက်ရေယာဉ်နှင့် အခြားယာဉ်နှစ်စင်းတို့သည် မေလပထမပတ်က အချိန်အခါမဟုတ် ဧရာဝတီမြစ်ရေတိုးလာသဖြင့် ရေလမ်းကြောင်း မှားမောင်းလာပြီး ဧရာဝတီ သဲသောင်ခုံအရှေ့ ရောက်ရှိချိန်၌ ရေရှုတ်တရက်ကျသွား၍ မော်တော်သုံးစင်း သောင်တင်ခဲ့စဉ်။**

လဘန်အောင်(ကချင်မြေ)

# မြို့နယ်များ၌ မှုခင်းကျဆင်းရေး ရှင်းလင်းပြောကြား

**လက်ပံတန်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ သတင်းမီဒီယာများ၊ ရပ်မိ/ရပ်ဖများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များနှင့်တွေ့ဆုံပွဲကို မေ ၁၀ ရက် နံနက် ၉ နာရီက မြို့မရဲစခန်း၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဖုန်းမြင့်က မြို့နယ်တွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ဆင့်**

**သီပေါ**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ တောင်မြို့ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မေ ၁၁ ရက်က မြို့မရဲစခန်းမှူး ဒုရဲမှူး မောင်မောင်မြင့် ဦးဆောင်သောနယ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် မှုခင်းကျဆင်းရေး ၊ ပြည်သူလူထုပူးပေါင်းပါဝင်သော ပြည်သူ့ရဲလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရပ်မိရပ်ဖ၊ ရပ်ကွက်ပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အခမ်းအနားတွင် မြို့မရဲစခန်းမှူး ဒုရဲမှူးက မြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှုအခြေအနေများ၊ မော်တော်ယာဉ်ဥပဒေအရ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးတို့ကို ရှင်းလင်းပြောကြားသည်။

**စိုင်း(သီပေါ)**



## ယဉ်ကျေးလိမ္မာထူးချွန်ကျောင်းသားရွေး

**ရန်ကုန် မေ ၁၃**

ခရိုင်အဆင့် နွေရာသီယဉ်ကျေး လိမ္မာသင်တန်းများမှ တိုင်းအဆင့်တတ်မြောက်မှုစိစစ်ပွဲဝင်ရန်အတွက် ထူးချွန်ကျောင်းသား ကျောင်းသူများရွေးချယ်ပွဲကို မေ ၉ ရက် နံနက်က ဗဟန်းမြို့နယ်အစိုးရအလယ်တန်းကျောင်းအမှတ်(၂)၌ ကျင်းပသည်။

တတ်မြောက်မှုစစ်ဆေးပွဲကို တိုင်းဒေသကြီး သာသနာ့နုဂ္ဂဟအသင်း၊ တိုင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင် သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ သမားတော်ကြီးဦးကျော်စိန်နှင့်မြို့နယ်ဥက္ကဋ္ဌများက ကြီးကြပ်ပေးကြကြောင်းနှင့် ခရိုင်အတွင်းမှ ကျောင်းသား ကျောင်းသူ ၇၁ ဦး ဝင်ရောက်ဖြေဆိုကြောင်း သိရသည်။

**သန္တာမေ (ပြန်/ဆက်)**

## အရင်းမပျောက်မတည်ငွေ တပ်ကုန်းမြို့၌ ထုတ်ချေး

**တပ်ကုန်း မေ ၁၃**

မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကြက်သွန်ခင်းကျေးရွာတွင် အရင်းမပျောက်ရန်ပုံငွေ တတိယအကြိမ် ပြန်လည်ထုတ်ချေးသည့်အခမ်းအနားကို မေ ၁၀ ရက်က ကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်ရန်ပုံငွေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**(ကျေးလက်ဦးစီး)**

# တရားမဝင်လက်ကိုင်သစ်ဖြတ်စက် အသုံးပြုသူများ သစ်တောကြီးများအတွက် အန္တရာယ်ရှိ

**ဂန့်ဂေါ မေ ၁၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်၌ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ လက်ကိုင်သစ်ဖြတ်လွှစက်များကို တရားမဝင်ကိုင်ဆောင်အသုံးပြုသူ အမြန်ဆုံး လိုင်စင်ပြုလုပ်ကြရန်နှင့် ဆက်လက်ကိုင်ဆောင်အသုံးပြုနေပါက တရားဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောရုံးမှ သိရသည်။

"ချိန်းဆောတွေ ကိုင်ဆောင်အသုံးပြုနေသူ အများအပြားရှိနေတယ်ဆိုတာ သိရပါတယ်။ ကျွန်တော်တို့ဆီမှာ လိုင်စင်လာလုပ်သူကတော့ ငါးယောက်ပဲရှိပါတယ်။ အဲဒီငါးယောက်မှာ တစ်ယောက်က လိုင်စင်သက်တမ်းကျော်လွန်သွားပြီဖြစ်လို့ လေးယောက်ပဲ တရားဝင်ကိုင်ဆောင်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။ တရားမဝင်ကိုင်ဆောင်အသုံးပြုသူတွေအနေနဲ့ မြို့နယ်သစ်တောရုံးမှာ အမြန်ဆုံးလာရောက်ပြီး လိုင်စင်လုပ်ကြဖို့ လိုပါတယ်။ တရားမဝင်ကိုင်ဆောင်သူတွေကို ဥပဒေအရ အရေးယူသွားမှာ ဖြစ်ပါ တယ်" ဟု မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကိုကိုမောင်က ပြောသည်။

လက်ကိုင်သစ်ဖြတ်စက်လွှများကို ထင်းခွဲရန်နှင့် တရားဝင်သစ်များကို ခွဲစိတ်ဖြတ်တောက်ရန်အတွက် ခွင့်ပြုပေးခြင်းဖြစ်ကြောင်း၊ လိုင်စင်ကြေးမှာငွေကျပ် ၁၀၀၀၀ ဖြစ်ပြီး လိုင်စင်သက်တမ်းမှာ တစ်နှစ်ဖြစ်ကြောင်း မြို့နယ်သစ်တောရုံးမှ သိရသည်။

"လက်ကိုင်သစ်ဖြတ်စက်လွှတွေကို ဘယ်လိုခွင့်ပြုချက်နဲ့ ရောင်းချနေတယ်ဆိုတာမသိရပါဘူး။ အလွယ်တကူ ဝယ်ယူအသုံးပြုလို့ ရနေကြပါတယ်။ ထင်းခွဲဖို့နဲ့ တရားဝင်သစ်ခွဲစိတ်ဖို့ လိုင်စင်ထုတ်ပေးတယ်ဆိုပေမယ့် အသေအချာစိစစ်ပြီးမှ လိုင်စင်ထုတ်ပေးသင့်ပါတယ်။ ချိန်းဆောတွေက လူတစ်ဖက်စာလောက်လုံးပတ်ရှိတဲ့ သစ်ပင်ကြီးတွေကို မိနစ်ပိုင်းအတွင်း အပိုင်းပိုင်းဖြတ်တောက်ပစ်နိုင်ပါတယ်။ လူတွေလက်ထဲမှာ လက်ကိုင်သစ်ဖြတ်စက်လွှတွေရှိနေတာဟာ သစ်တောတွေအတွက် အန္တရာယ်ကြီးလှပါတယ်။ ဒါကြောင့် ချိန်းဆောရောင်းဝယ်တာတွေ၊ ကိုင်ဆောင်တာတွေကို စနစ်တကျထိန်းသိမ်းသင့်ပါပြီ"ဟု ဂန့်ဂေါမြို့ခံတစ်ဦးက ပြောသည်။

သို့ဖြစ်၍ လက်ကိုင်သစ်ဖြတ်စက်လွှများအား ရောင်းဝယ်ဖောက်ကားခြင်း၊ ကိုင်ဆောင်အသုံးပြုခြင်းတို့ကို စနစ်တကျထိန်းသိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# တိုက်ကြီးမြို့နယ်မှ ဝန်ကြီးဌာနပိုင် ဂိုဒေါင်သုံးလုံး ငှားရမ်းလိုက်သည့်အတွက် ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် အခက်အခဲဖြစ်နိုင်

**တိုက်ကြီး မေ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးဝင်းအတွင်းရှိ မြေ ၄ ဒသမ ၅ ဧကနှင့် ယင်းမြေပေါ်ရှိ သိုလှောင်ရုံ သုံးလုံးကို ကုမ္ပဏီတစ်ခုသို့ ငှားရမ်းထားသဖြင့် ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် အခက်အခဲဖြစ်နိုင်ကြောင်း သိရသည်။

အဆိုပါ ဂိုဒေါင်သုံးလုံးကို နှစ် ၂၀ ငှားရမ်းရန် Taungpyar Dan ကုမ္ပဏီလီမိတက်နှင့် ဖေဖော်ဝါရီ ၂၂ ရက်က စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဂိုဒေါင်များ ငှားရမ်းလိုက်ခြင်းကြောင့် ဝန်ထမ်းများနှင့် ဒေသခံများ အခက်အခဲကြုံတွေ့ရနိုင်ပုံနှင့် ပတ်သက်၍ တိုက်ကြီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန်းစန်းမြင့်က “ကျွန်မတို့အနေနဲ့ကတော့ အထက်ကညွှန်ကြားချက်ဆိုတော့ ဘာမှပြောလို့မရပါဘူး။ ဒါပေမယ့် လက်ရှိ ဒီမြေနဲ့ ဂိုဒေါင်ကို အသုံးပြုပြီးတော့ ဝန်ထမ်းတွေ နေရပါတယ်။ ပြီးတော့ ဒီဂိုဒေါင်တွေထဲမှာ မိုးစပါး၊ နွေစပါးမျိုးနဲ့ ဓာတ်မြေသြဇာတွေ သိုလှောင်တယ်။ အခုလိုငှားရမ်းလိုက်တော့ ကျွန်မတို့အနေနဲ့ အခက်အခဲဖြစ်တာပေ့ါ။ အရင်ကတည်းက ဝန်ထမ်းအိမ်ရာရယ်လို့ ချထားပေးတာ မရှိတော့ ဒီဂိုဒေါင်တွေထဲမှာ ဝန်ထမ်းတွေက မိသားစုတစ်စုစာ အခန်းလေးတွေကန့်ပြီး နေရတာပါ။ တိုက်ကြီးမြို့နယ်မှာ နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံမှုတွေဖြစ်တဲ့အတွက် မျိုးစပါးတွေ၊ ဓာတ်မြေသြဇာတွေနဲ့ အလှူရှင်တွေလာလှူတဲ့ပစ္စည်းတွေကို ဒီဂိုဒေါင်တွေထဲမှာ ထိန်းသိမ်းထားရပါတယ်။ အခုလိုငှားရမ်းလိုက်တဲ့အတွက် ကျွန်မတို့အနေနဲ့ ဒီအခက်အခဲတွေနဲ့ ကြုံတွေ့နိုင်ပါတယ်”ဟု ပြောသည်။

တိုက်ကြီးမြို့နယ် စိုက်ပျိုးရေးဝန်ထမ်းတစ်ဦးကလည်း မိမိတို့တိုက်ကြီးမြို့နယ်တွင် မိုးစပါး ဧက ၁၂၇၅၄၅ နှင့် နွေစပါး ဧက ၅၀၀၀၀ စိုက်ပျိုးလေ့ရှိနေကြောင်း၊ တိုက်ကြီးမြို့နယ်ရှိ လယ်မြေဧကများ၏ ငါးပုံနှစ်ပုံခန့်သည် ရောဝတီမြစ်နှင့် လှိုင်မြစ် ရေကြီးရေလျှံမှုကို နှစ်စဉ်ခံရပြီး အလှူရှင်များကကူညီထောက်ပံ့သော မျိုးစပါးများ အခြားသော ကုန်ပစ္စည်းများကို ငှားရမ်းလိုက်သည့်ဂိုဒေါင်များတွင် ထိန်းသိမ်းထားရသည့်အတွက် အဆိုပါ ဂိုဒေါင်များမှာ မရှိမဖြစ်လိုအပ်ကြောင်း၊ ယင်းကဲ့သို့ ငှားရမ်းလိုက်သည့်အတွက် သိုလှောင်ကုန်ပစ္စည်းများကိုထားရှိရန် အခက်အခဲများစွာဖြင့် ရင်ဆိုင်ရမည်ကို ဝန်ထမ်းများက စိုးရိမ်နေကြပြီး သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ပြန်လည်စိစစ်ပေးနိုင်ပါရန် အဆင့်ဆင့်စာတင်သွားမည်ဖြစ်ကြောင်း ပြောသည်။

တိုက်ကြီးမြို့ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့မှ ဦးမျိုးမင်းသူကလည်း “ကျွန်တော်တို့ တိုက်ကြီးမြို့နယ်မှာ ရေဘေးက နှစ်တိုင်းလိုလို ကျရောက်တတ်တော့ သိုလှောင်ထားဖို့ဆို ကျွန်တော်တို့ ဒီဂိုဒေါင်ကိုပဲ အားကိုးရတာ။ တောင်သူတွေအတွက် တရုတ်နိုင်ငံက ချီကိုျပရဟိတအသင်းကလှူဒါန်းတဲ့ မျိုးစပါးတွေကိုလည်း ဒီဂိုဒေါင်မှာပဲ သိုလှောင်ရတာ။ အခုလို ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနပိုင် ဂိုဒေါင်ကို ဌာနက နှစ် ၂၀ ငှားလိုက်ပြီဆိုတော့ သက်ဆိုင်ရာဌာနတွေကို အဲဒီငှားရမ်းဂိုဒေါင်တွေကို သေချာစွာ ပြန်လည်စိစစ်ပေးဖို့ ကျွန်တော်တို့ အဆင့်ဆင့်စာတင်သွားမှာဖြစ်ပါတယ်”ဟု ပြောသည်။

**ထွန်းလှိုင်**

## မိခင်မှ သန္ဓေသားသို့ HIV ပိုးကူးစက်မှု ကာကွယ်တားဆီးရေး ပညာပေးဟောပြော

**စေတုတ္တရာ မေ ၁၃**

မိခင်မှသန္ဓေသားသို့ HIV ပိုးကူးစက်မှု ကာကွယ်တားဆီးရေး မြို့နယ်အဆင့်အသိပေးရှင်းလင်းပွဲကို မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မေ ၁၁ ရက်က ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချိုချိုဝင်းက စေတုတ္တရာမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးလုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာဒေါ်မို့မို့စိမ့်က မိခင်မှ သန္ဓေသားသို့ HIV ပိုးကူးစက်မှု ကာကွယ်တားဆီးရေးစီမံချက်အကြောင်း အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဟောပြောပွဲကို မေ ၉ ရက်မှ ၁၁ ရက်အထိ ပြုလုပ်ခဲ့ပြီး မြို့နယ်အတွင်းရှိ အထက်တန်းသူနာပြု၊ မြို့နယ်သူနာပြုဆရာမများ၊ သားဖွားဆရာမများ၊ အမျိုးသမီးကျန်းမာရေးဆရာမများ၊ ကျန်းမာရေးမှူးများ စုစုပေါင်း ၅၆ ဦးအား မိခင်မှသန္ဓေသားသို့ HIV ပိုးကူးစက်မှု ကာကွယ်တားဆီးရေးအပါအဝင် ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်းဆိုင်ရာများကို ပို့ချခဲ့ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**



## ကျေးရွာချင်းဆက်လမ်းများ ခင်းကျင်းလျက်ရှိ



**ကျွန်းလှ မေ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ရက် ၁၀၀ စီမံချက်အရ ကျေးရွာချင်းဆက်လမ်းများခင်းခြင်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (မွမ်းမံ)ရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ကျေးရွာချင်းဆက်လမ်းများ ခင်းကျင်းရာတွင် ယခုအခါ မြေသားလမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ကျောက်ချောလမ်းခင်းရန် ကျောက်များစုဆောင်းလျက်ရှိကြောင်း အင်ဂျင်နီယာ ဦးရန်ကျော်ဖြိုးက ပြောသည်။ ခင်းကျင်းဆောင်ရွက်နေသော လမ်းများမှာ နောင်ကောက်-ပေပင်ချောင်ကျေးရွာ ကျောက်ချောလမ်း တစ်မိုင်ကို ခွင့်ပြုငွေ ကျပ် ၅၉သန်းဖြင့်လည်းကောင်း၊ ဆွဲလှဲ-မဒေါင်-လွှတ်တိုက်ကျေးရွာ ကျောက်ချောလမ်းကို ခွင့်ပြုငွေ ကျပ် ၅၉သန်းဖြင့်လည်းကောင်း၊ မြေသားလမ်း တစ်မိုင်ကို ခွင့်ပြုငွေ ကျပ် ၁၅ ဒသမ ၃သန်းဖြင့်လည်းကောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ကွန်ပျူတာသင်တန်းဖွင့်

**ကဝ မေ ၁၃**

ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှု အထောက်အကူဖြစ်စေရန်အတွက် မိုဘိုင်းစကူးလ်ကွန်ပျူတာသင်တန်းကို ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီစဉ်၍ မြို့နယ် စည်ပင်သာယာခန်းမ၌ မေ ၁၁ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပဲခူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းက အမှာစကားပြောကြားခဲ့ပြီး သင်တန်းသားများကိုယ်စား အင်းဝိုင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးလှဝင်းကြိုင်က ကျေးဇူးတင်စကားပြောကြားကာ သင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၈၀ တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## စာပေဟောပြောပွဲနှင့် ဘဝအလင်းရောင်စာကြည့်တိုက်သစ်ဖွင့်ပွဲပြုလုပ်

**မင်းကင်း မေ ၁၃**

ကလေးခရိုင် မင်းကင်းမြို့နယ် တောင်တွင်းဒေသ အင်းကုန်းကျေးရွာရှိ ဘဝအလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာပေဟောပြောပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ မေ ၁၀ ရက်က ကျင်းပခဲ့သည်။

စာပေဟောပြောပွဲတွင် စာရေးဆရာ သက်မှူးလွင်က အမှာစကားပြောကြားပြီး စာရေးဆရာများဖြစ်ကြသော ရွှေကြာမောင်(တောင်တွင်း)၊ မောင်ကြည်စိန်(ကန့်ဘလူ)၊ ကျော်သိန်းဆွေ(ချင်းတွင်း)တို့က စာပေများလေ့လာဖတ်ရှုကြရန်နှင့် စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးဟောပြောခဲ့ကြသည်။

ထို့နောက် အင်းကုန်းကျေးရွာ ဆရာတော် ဦးရေဝတဦးဆောင်မှုဖြင့် တည်ဆောက်ခဲ့သော ဘဝအလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ မြို့နယ် ပြန်/ဆက်ဦးစီးမှူး ဒေါ်မေသက်နွယ်နှင့် အင်းကုန်းကျေးရွာတာဝန်ခံ ဦးအောင်တင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ ကျေးရွာစာကြည့်တိုက် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက်ပညာ ဆင့်ပွားရက်တိုသင်တန်းကိုလည်း ဖွင့်လှစ်ခဲ့ပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူးက ကျေးရွာရှိ စာကြည့်တိုက်မှူးများအား သင်ထောက်ကူပစ္စည်းများဖြစ်သည့် စာကြည့်တိုက်လုပ်ငန်းသုံး ပုံစံများဖြင့် လက်တွေ့ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**

## သတင်းတိုများ

### သားငါးသယံဇာတထိန်းသိမ်းရေးဆွေးနွေးပွဲ တောင်ငူမြို့တွင်ပြုလုပ်

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနကဆောင်ရွက်မည့် ရက် ၁၀၀ စီမံချက်အတွင်းပါရှိသည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ငါးသယံဇာတထိန်းသိမ်းရေးနှင့် အယ်နီညို၊ လာနီညာရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကြိုတင်ကာကွယ်နိုင်ရန် အသိပညာပေးဟောပြောပွဲကို မေ ၁၁ ရက်က တောင်ငူမြို့ ကေတုမတီငါးကုန်ထုတ်သမဝါယမအသင်းအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးသက်အေးက အပူချိန်မြင့်တက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များနှင့် ငါးသယံဇာတထိန်းသိမ်းရေးတို့ကို ရှင်းလင်းဟောပြောခဲ့ပြီး ဟောပြောပွဲသို့ တောင်ငူမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အတွင်းမှ ငါးမွေးကန်လုပ်ငန်းရှင်များ၊ အင်းလုပ်သားကြီးများ တက်ရောက်ခဲ့ကြသည်။

**ကိုလွင်(ဆွာ)**

### အခြေခံ မွေး/ကုသင်တန်းသားများအလုပ်ရုံဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် မေ ၈ ရက်က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ကျေးလက်လူငယ် အခြေခံ မွေး/ကုသင်တန်းသားများ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခဲ့ရာ အင်းတော်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်မင်းဦးနှင့် မော်လူးတိုက်နယ်တာဝန်ခံ ဒေါက်တာအောင်ဇော်သိန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်(မော်လူး)နှင့် သင်တန်းသား ၂၀ တို့တက်ရောက်ခဲ့ပြီး အင်းတော်မြို့မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဌာနမှူးက မွေးမြူရေးနှင့် ကုသရေးဆိုင်ရာအကြောင်းများကို ရှင်းလင်းပြောကြားခဲ့သည်။

**ခင်မောင်ဆွေ(မော်လူး)**

## ရက် ၁၀၀ အတွင်းဆောင်ရွက်မည့် ကျေးလက်လမ်းနှင့် တံတားလုပ်ငန်းများ စတင်



စတင်ဆောင်ရွက်နေသော ကျေးရွာချင်းဆက်လမ်းလုပ်ငန်းတစ်ခု


**မုံရွာ မေ ၁၃**

မုံရွာမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် (မွမ်းမံ)ရန်ပုံငွေဖြင့် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် ကျေးလက် လမ်း၊ တံတားလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် ကျေးလက်လမ်းတံတားလုပ်ငန်းများတွင် ကူတောပလ္လင်-ကြာပိုင်-ပေါက်ပင်လမ်း အရှည်နှစ်မိုင်ကျော် အကျယ် ၁၀ ပေ ကို ခွင့်ပြုငွေ ကျပ် ၃၃ ဒသမ ၆ သန်းဖြင့်လည်းကောင်း၊ ဇန်စီ-လှည်းဒါး-မြိုင်စီလမ်းတွင် ဂျင်းလမ်းခင်းခြင်းလုပ်ငန်းကိုလည်းကောင်း ခွင့်ပြုချထားပေးခဲ့ခြင်းဖြစ်သည်။ အဆိုပါ စီမံချက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ကွင်းဆင်းကာ သက်ဆိုင်ရာကျေးရွာမှ တာဝန်ရှိသူများသို့ ချပြဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဝင်းမောင်ဆွေက ပြောသည်။

**ဖိုးချမ်း(မုံရွာ)**

# 4G အင်တာနက်ဝန်ဆောင်မှု စတင်ပြီးနောက် အူရီဒူးကို စိတ်ဝင်စားသူများနေ




**ရန်ကုန် မေ ၁၃**

အူရီဒူး 4G အင်တာနက်ဝန်ဆောင်မှုကို မေလဆန်းမှစတင်၍ ရန်ကုန်နှင့်မန္တလေးတွင် ပထမဆုံးအသုံးပြုနိုင်ကြောင်း အူရီဒူးမြန်မာမှ ကြေညာခဲ့ပြီးနောက် အင်တာနက် အသုံးပြုသူ လူငယ်အများစုအနေဖြင့် စိတ်ဝင်စားလျက်ရှိကြောင်း သိရသည်။

နည်းပညာများကို စိတ်ဝင်စားသည့် လမ်းမတော်မြို့နယ်မှ လူငယ်တစ်ဦးက "အူရီဒူးက 4G ရပြီဆိုလို့ ပြီးခဲ့တဲ့ရက်ကပဲ ဆင်းကတ်တစ်ကတ်ဝယ်ပြီး စမ်းကြည့်တယ်။ အဓိကကတော့ အွန်လိုင်းဂိမ်းဆော့တာနဲ့ ရုပ်ရှင်တွေ ဒေါင်းလုတ်ဆွဲတာဆိုရင် ပိုကောင်းတယ်။ ပုံမှန် Facebook သုံးရုံ၊ Viber သုံးရုံလောက်ဆိုရင်တော့ လက်ရှိရနေတဲ့ 3G တွေနဲ့လည်း အဆင်ပြေပါတယ်"ဟု ပြောသည်။

ကွန်ပျူတာလုပ်ငန်းရှင်အသင်းဝင် စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကလည်း "အရင်အလုပ်ကိစ္စနဲ့ ပြည်ပရောက်တုန်းက 4G အင်တာနက်ကို သုံးခဲ့ဖူးတယ်။ အမြန်နှုန်းက စိတ်ကျေနပ်စရာဖြစ်ခဲ့လို့ ဒီမှာလည်း သုံးလို့ ရစေချင်ခဲ့တယ်။ အခု အူရီဒူးက 4G ရပြီလို့ ကြေညာတော့ စမ်းသုံးကြည့်ဖို့ စိတ်ဝင်စားနေပါတယ်။ ဒါပေမယ့် လက်ရှိမှာ တယ်လီနောကိုသုံးနေတော့ စမ်းတော့ မကြည့်ရသေးဘူး"ဟု ပြောသည်။

"Fourth Generation Service" ၏ အတိုကောက်စာလုံးဖြစ်သည့် 4G သည် မျိုးဆက်သစ် အင်တာနက် ဝန်ဆောင်မှုတစ်ခုပင်ဖြစ်သည်။ မြန်နှုန်းမြင့်လာသည်ဖြစ်၍ အင်တာနက်တွင် ဝက်ဘ်ဆိုက်များကို ကြည့်ရာတွင်လည်းကောင်း၊ ဗီဒီယိုကောလ်ခေါ်ဆိုရာတွင်လည်းကောင်း၊ အွန်လိုင်းဗီဒီယိုနှင့် ရုပ်သံများ ကြည့်ရာတွင်လည်းကောင်း၊ အွန်လိုင်းဂိမ်းများကို ကစားရာတွင်လည်းကောင်း၊ ဆာဗာအသီးသီးနှင့် ချိတ်ဆက်လုပ်ကိုင်ရာတွင်လည်းကောင်း လက်ရှိ အသုံးပြုနေသည့် 3G အင်တာနက်ထက် ပို၍အဆင်ပြေစေမည်ဖြစ်သည်။

အူရီဒူးမြန်မာ၏ အမှုဆောင်အရာရှိချုပ် Rene Meza က "မြန်မာနိုင်ငံမှာ 4G Plus ဝန်ဆောင်မှုတွေကို မိတ်ဆက်နိုင်တဲ့အတွက် ဝမ်းသာပါတယ်။ မြန်မာပြည်သူလူထုအတွက် ကမ္ဘာ့အဆင့်မီ အင်တာနက်ဝန်ဆောင်မှုတွေကို ထပ်ဆောင်းတစ်ဆင့်တက် ပေးနိုင်တော့မှာပါ။ 4G ဆိုတာ မက်စရာကောင်းတဲ့ ဒေတာဝန်ဆောင်မှုပါ။ သုံးစွဲသူအများစုမှာ 4G Handset မရှိသေးတဲ့အတွက် 4G ဝန်ဆောင်မှုရဲ့ အသီးအပွင့်အားလုံး ခံစားရမှာ မဟုတ်သေးပါဘူး။ ဒါပေမယ့် နိုင်ငံနဲ့အဝန်း 3G ကွန်ရက် ဆက်ချဲ့နေတာမို့ ကွန်ရက်မိတဲ့နေရာတွေမှာ 3G ကွန်ရက်ကို တိုးပြီးအသုံးပြုနိုင်ကြမှာပါ။ ဒီလိုနဲ့ အဆန်းသစ်ဆုံး ဝန်ဆောင်မှုတွေကို ထပ်မံအပိုဆောင်းမှုအနေနဲ့ ရကြမှာပါ။ ဒါတွေဟာ ကမ္ဘာ့အဆင့်မီ 4G ဝန်ဆောင်မှုနဲ့အတူ အပိုဆောင်း ပေးနိုင်တာတွေပါ"ဟု ပြောသည်။

အူရီဒူးအနေဖြင့် ဆင်းကတ်များကို စတင်ရောင်းချချိန်ကပင် 4G စနစ်အတွက် အဆင်သင့်ဖြစ်နေပြီဖြစ်၍ အူရီဒူးအသုံးပြုနေသူများအနေဖြင့် ဆင်းကတ်များကို လဲလှယ်ရန်မလိုအပ်ဘဲ လက်ရှိသုံးစွဲနေသော ဆင်းကတ်များဖြင့်ပင် 4G အင်တာနက်ကို တိုက်ရိုက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ 4G အင်တာနက်ကို အသုံးပြုရန်အတွက် 4G စနစ်ကို ထောက်ပံ့ပေးသည့်ဖုန်းတွင် အင်တာနက်ဆက်တင်ကို ပြောင်းလိုက်ရုံသာလိုအပ်ပြီး 4G ဝန်ဆောင်မှုရသည့် နေရာများတွင် အသင့် သုံးနိုင်မည်ဖြစ်သည်။

အင်တာနက် အမြန်နှုန်းဆိုသည်မှာ နိုင်ငံတော်အစိုးရမှ ချပေးသည့် လိုင်းစဉ်ပမာဏ အပါအဝင် အချက်အလက်များစွာ အပေါ်တွင် မူတည်သည်ဖြစ်ရာ လိုင်းစဉ်ခွင့်ပြုချက်ပိုမိုရရှိလာသည်နှင့်အမျှ အူရီဒူးမြန်မာအနေဖြင့် 4G ၏ ဆောင်ရွက်နိုင်စွမ်းကို ထင်ထင်ရှားရှားသိမြင်နိုင်ရန် မြန်မာနိုင်ငံနှင့်အဝန်းတွင် ဆက်လက်ပြုလုပ်မည့် 4G Plus ပွဲများတွင် ဆက်လက်ထုတ်ဖော်ပြသသွားမည်ဖြစ်ကြောင်း၊ နောက်ထပ် လိုင်းစဉ်ရရှိနိုင်ရန်၊ အင်တာနက်လိုင်း ပိုမိုမြန်ဆန်နိုင်ရန်နှင့် အပြိုင်အဆိုင်လေလံဆွဲနိုင်ရန်အတွက် ဆက်လက်ရင်းနှီးမြှုပ်နှံရန် အသင့်ဖြစ်နေကြောင်း သိရသည်။ "နိုင်ငံတော်အစိုးရကနေ ဆက်လက်ခွင့်ပြုပေးလာတာနဲ့အမျှ ဝန်ဆောင်မှုတွေကို ခပ်မြန်မြန်ပေးသွားဦးမှာပါ။ ရင်းနှီးမြှုပ်နှံမှုအပိုင်းကို အာရုံစိုက်လို့ပြီးပြီမို့ အခုဆို ဝန်ဆောင်မှုကိုအရှိန်မြှင့်နိုင်ဖို့ အသင့်ပါ"ဟု Rene Meza က ဆက်လက်ပြောကြားသည်။

လက်ရှိအချိန်တွင် 4G အင်တာနက်ဝန်ဆောင်မှုကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် စတင်၍ ဝန်ဆောင်ပေးနေပြီဖြစ်ရာ စတင်အသုံးပြုနိုင်နေပြီဖြစ်ပြီး ဆက်လက်၍ အခြားဒေသများသို့လည်း ချဲ့ထွင်ပေးအပ်သွားမည်ဖြစ်ကြောင်း အူရီဒူးမြန်မာမှ သိရသည်။

**သူရဖြိုး**

# မန္တလေး အထူးနံပါတ်လေလံမှ ရရှိသောအကျိုးအမြတ်များကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ တယ်လီနောလှူဒါန်း

**ရန်ကုန် မေ ၁၃**

တယ်လီနောမြန်မာက မန္တလေးတွင် ပြုလုပ်ခဲ့သော ဒုတိယအကြိမ် အထူးနံပါတ်လေလံပွဲမှ ရရှိသောအမြတ်ငွေ ကျပ်သိန်း ၂၃၀၀ နီးပါးကို မြတ်လေးရုံဘုန်းတော်ကြီးစာသင်ကျောင်းနှင့် သခ်ရိုင် မိဘမဲ့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့သို့ မေ ၁၀ ရက်က လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

လေလံမှရရှိသော အကျိုးအမြတ် ကျပ် ၂၂၈၉ သိန်းကို ကွမ်းခြံကုန်းမြို့နယ်ရှိ မြတ်လေးရုံ ဘုန်းတော်ကြီး စာသင်ကျောင်းတွင် စာသင်ကျောင်းဆောင် အသစ်ဆောက်လုပ်ရန်နှင့် ပဲခူးမြို့နယ်ရှိ သခ်ရိုင် မိဘမဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဒစ်ဂျစ်တယ်ပညာရေးစင်တာ ဆောက်လုပ်ရန်အတွက် လွှဲပြောင်းလှူဒါန်းခဲ့ခြင်းဖြစ်သည်။

"အခွင့်အရေးနည်းပါးပြီး ဆင်းရဲနွမ်းပါးတဲ့ကလေးတွေအတွက် တယ်လီနောရဲ့ ပညာရေးထောက်ပံ့မှုအစီအစဉ်တွေမှာ ပါဝင်ဖို့ ဝင်ရောက်လေလံဆွဲခဲ့သူတွေကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အထူးနံပါတ် လေလံပွဲကနေ ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေအတွက် ထောက်ပံ့မှုအစီအစဉ်များကို မြန်မာနိုင်ငံမှာ ဆောင်ရွက်နေပါတယ်။ ချို့တဲ့နေတဲ့ ကလေးတွေအတွက် ပညာရေးထောက်ပံ့မှုအစီအစဉ်တွေမှာ လှူဒါန်းသူတွေနဲ့ ဘုန်းတော်ကြီးစာသင်ကျောင်းတွေကို ချိတ်ဆက်ပေးခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်"ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr.Petter Furberg က ပြောသည်။

တယ်လီနော၏ ဒုတိယအကြိမ်မြောက် လေလံပွဲကို မန္တလေးမြို့တွင် မတ် ၂၅ ရက်က ကျင်းပခဲ့ပြီး အထူးနံပါတ် ၄၃ ခုကို လေလံတင်ရောင်းချနိုင်ခဲ့ကြောင်း၊ အမြင့်ဆုံးလေလံအဖြစ် ဖုန်းနံပါတ်-၀၉-၇၉ ၉၉၉ ၉၉၉၉ အတွက် ကျပ် ၈၀၂ သိန်း ရရှိခဲ့ကြောင်း သိရသည်။ တယ်လီနောသည် ပထမဆုံးအကြိမ် အထူးနံပါတ်လေလံကို ရန်ကုန်မြို့၌ ဖေဖော်ဝါရီလအတွင်းက စတင်ပြုလုပ်ခဲ့ပြီး နံပါတ် ၅၅ ခုအတွက် စုစုပေါင်း ကျပ် ၄၈၃၅ သိန်း ရရှိခဲ့ကာ ကြမ်းခင်းဈေးကျပ်သိန်း ၃၀ ထက် ပို၍ရရှိသော အမြတ်ငွေများကို ပညာမသင်ကြားနိုင်သော ကလေးငယ်များအား စာသင်ပေးနေသည့် myME ဒီဂျစ်တယ်ပညာရေးအစီအစဉ်အတွက် လှူဒါန်းခဲ့သည်။

**သူရဖြိုး**

## New Product

# စွမ်းဆောင်ရည်မြင့် ဘက်ထရီပါဝင်တဲ့ Gionee Marathon M5

ပြည်တွင်းဈေးကွက်မှာ နာမည်ရခါစ အမှတ်တံဆိပ်ဖြစ်တဲ့ Gionee ရဲ့ Marathon စီးရီးစ်ဖုန်းတွေထဲက အသစ်ထွက်ဖုန်းမော်ဒယ်တစ်ခုဖြစ်တဲ့ M5 ဟာ ဈေးနှုန်းချိုသာပြီး အရည်အသွေးအားဖြင့်လည်း ကောင်းမွန်လို့ အသုံးပြုသူတွေအတွက် သင့်တော်တဲ့ တန်ဖိုးနည်းဖုန်းတစ်မျိုးဖြစ်ပါတယ်။ နိုင်ငံတကာဈေးကွက်မှာ နှစ်ဆန်းပိုင်းကတည်းက ထွက်ခဲ့ပေမယ့် ပြည်တွင်းဈေးကွက်ကိုတော့ ဧပြီလအတွင်းကမှ ဝင်ရောက်ထားတာဖြစ်ပါတယ်။

Gionee Marathon M5 ဟာ မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိလို့ အရွယ်အစားကြီးမားပြီး Resolution က 720 x 1280 pixels ရှိလို့ အရည်အသွေး ကောင်းမွန်ပါတယ်။ AMOLED မျက်နှာပြင်ဖြစ်ပြီး ထိခိုက်မိတာကို ကာကွယ်နိုင်အောင် Corning Gorilla Glass 3 နဲ့ အုပ်ထားပါတယ်။ မိုင်ဘိုင်းနက်ဝပ်က GSM နဲ့ WCDMA ဖြစ်ပြီး အင်တာနက် နက်ဝပ်ကတော့ 3G နဲ့ 4G(LTE)ကို ထောက်ပံ့ပေးထားပါတယ်။

အန်းဒရွိုက်ဗားရှင်း 5.1(Lollipop)ကို အသုံးပြုထားပြီး Quad-core 1.3 GHz CPU နဲ့ RAM 3GB တို့ ပါဝင်တာကြောင့် ဂိမ်းအမျိုးမျိုး အပလီကေးရှင်းအမျိုးမျိုးကို လေးသွားတာမျိုးမရှိဘဲ သုံးနိုင်မှာဖြစ်ပါတယ်။ မင်မိုရီပိုင်းမှာလည်း 32GB အထိ ပါဝင်တဲ့အပြင် မင်မိုရီကတ်ကိုလည်း 128GB အထိ ထပ်စိုက်ပြီး တိုးမြှင့်အသုံးပြုနိုင်မှာဖြစ်ပါတယ်။

ကင်မရာပိုင်းမှာတော့ ၁၃ မဂ္ဂါပစ်ဇယ်ရှိတဲ့ နောက်ကင်မရာမှာ Phase Detection, Touch Focus, Smile Decetion, Panorama, HDR စတဲ့ လုပ်ဆောင်ချက်တွေ ပါဝင်လို့ အရည်အသွေးကောင်းတဲ့ဓာတ်ပုံတွေ ရိုက်ကူးနိုင်မှာပါ။ ဗီဒီယိုအနေနဲ့လည်း 1080P အထိ အရည်အသွေးမြင့် ဗီဒီယိုတွေ ရိုက်ကူးနိုင်ပါတယ်။ ရှေ့ကင်မရာကတော့ ၅ မဂ္ဂါပစ်ဇယ်ရှိပါတယ်။

ဘက်ထရီကတော့ Gionee marathon M5 ရဲ့ အဓိကအားသာချက် ဖြစ်ပါတယ်။ 6020 mAh အထိရှိတဲ့ Li-Po ဘက်ထရီကို အသုံးပြုထားလို့ 3G နက်ဝပ်မှာ အသင့်အနေအထားထားရင် သုံးပတ်ကျော်၊ တစ်ဆက်တည်း ဖုန်းပြောရင် ၂၄ နာရီကျော်အထိ ခံနိုင်ရည်ရှိမှာ ဖြစ်ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ အဖြူရောင်၊




အနက်ရောင်နဲ့ ရွှေရောင် သုံးမျိုးရနိုင်ပြီး ဈေးနှုန်းက ကျပ် ၁၈၀၀၀၀ ဝန်းကျင် ရှိပါတယ်။

**သူရဖြိုး**

## နည်းပညာသတင်းတိုများ

# ရန်ကုန်အိုင်စီတီပြပွဲ ၂၀၁၆ ကျင်းပမည်

**ရန်ကုန် မေ ၁၃**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ကြီးမှူး၍ ရန်ကုန်အိုင်စီတီပြပွဲ(Yangon ICT Fair 2016)ကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ မေ ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ကွန်ပျူတာ၊ လက်ပ်တော့နှင့် Notebook များအပါအဝင် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ မိုဘိုင်းဖုန်းနှင့် တက်ဘလက်မော်ဒယ်အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ၊ နည်းပညာဆိုင်ရာ Gadget များ၊ ကွန်ပျူတာဆော့ဖ်ဝဲများ၊ မိုဘိုင်းအပလီကေးရှင်းများ၊ အီလက်ထရောနစ်ပစ္စည်းများ စသည့် ထုတ်ကုန်အမျိုးမျိုးနှင့်အတူ နည်းပညာဆိုင်ရာ သင်တန်းများ၊ ဆက်သွယ်ရေးဝန်ဆောင်မှုများ စသည်တို့ကို ပြည်တွင်းပြည်ပမှ ကုမ္ပဏီများ၊ စမတ်ဖုန်းအရောင်းဆိုင်များက ပါဝင်ပြသသွားကြမည်ဖြစ်ကာ နည်းပညာဆိုင်ရာ ကုန်စည်အမျိုးမျိုးကို အထူးလျှော့ဈေးအစီအစဉ်၊ ကံစမ်းမဲအစီအစဉ်၊ လက်ဆောင်ပစ္စည်းများပေးသည့် အစီအစဉ်စသည်များဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ဆမ်ဆောင်း Galaxy On7 ကို စတင်ရောင်းချ

**ရန်ကုန် မေ ၁၃**

ဆမ်ဆောင်းမြန်မာ၏ အွန်လိုင်းစတိုးဝက်ဘ်ဆိုက်သစ်ဖြစ်သည့် s-estoremyanmar.com တွင် စတင်မိတ်ဆက်ရောင်းချခဲ့သည့် စမတ်ဖုန်းမော်ဒယ်သစ် Galaxy On7 ကို ပြည်တွင်းဈေးကွက်တွင်လည်း စတင်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

4G အင်တာနက် ကွန်ရက်အား အသုံးပြုနိုင်သည့် အသစ်ထွက်စမတ်ဖုန်း Galaxy On7 ကို ရွှေရောင်နှင့် အနက်ရောင် နှစ်မျိုးရရှိနိုင်ပြီး ဈေးနှုန်းမှာ ကျပ် ၂၂၅၀၀၀ ဖြစ်ကြောင်း၊ စတင်မိတ်ဆက်စဉ်ကာလအတွင်း ဝယ်ယူပါက 16GB Samsung Micro SD Card ကို လက်ဆောင်အဖြစ်ရရှိမည်ဖြစ်ကာ အွန်လိုင်းစတိုးဝက်ဘ်ဆိုက်တွင်ဖြစ်စေ၊ ဆမ်ဆောင်းအရောင်းဆိုင်များနှင့် မိုဘိုင်းဖုန်းလက်လီအရောင်းဆိုင်ကြီးများတွင်ဖြစ်စေ ဝယ်ယူနိုင်ပြီဖြစ်ကြောင်း ဆမ်ဆောင်းမြန်မာမှ မေ ၉ ရက်က ထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

# ဒို့မြန်မာလူမှုကွန်ရက်တွင် ရပ်ကွက်နှင့် မြို့နယ်သတင်းများ ဖတ်ရှုနိုင်

**ရန်ကုန် မေ ၁၃**

မြန်မာလူမှုကွန်ရက်ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် ဒို့မြန်မာလူမှုကွန်ရက်(www.doemyanmar.com)တွင် ရပ်ကွက်နှင့် မြို့နယ်အလိုက် နေ့စဉ်ဖြစ်ပျက်နေသောသတင်းများ(Townships's news)ကဏ္ဍသစ်ကို စတင်ဖော်ပြထားပြီဖြစ်၍ ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဆောင်းပါးအမျိုးအစားများအနေဖြင့် လူထုအော်သံနှင့် သူတို့၏ ထင်မြင်ချက်များ၊ စီးပွားရေးလုပ်ငန်းများနှင့် ကုန်ပစ္စည်းများ၊ မြို့နယ်တွင်း ရပ်ကွက်တွင်းရှိ ပွဲများ( Event and Activities)၊ လူနေမှုဘဝ(Life Style)၊ ဖျော်ဖြေရေး အစီအစဉ်များ၊ မြို့နယ်အလိုက် ဌာနဆိုင်ရာအဆောက်အအုံများနှင့် ထင်ရှားသည့်နေရာများ၊ မြို့နယ်အလိုက် ရာဇဝတ်မှုများ၊ အရေးပေါ်သတင်းများစသည်တို့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# မန္တလေး၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးမှုများ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိ

**မန္တလေး မေ ၁၃**
မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရက် ၁၀၀ စီမံချက်အရ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးမှုများကို မန္တလေးမြို့၌ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လူကုန်ကူးခြင်းနှင့်ပတ်သက်၍ အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်စုမှူး ရဲမှူးဖေသိန်းက ၂၀၁၅ ခုနှစ်အတွင်း မန္တလေး၌ လူကုန်ကူးမှု ၁၄ ခုကို ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့ကြောင်း၊ ပညာပေးမှုများအနေဖြင့် အသိပညာပေးဟောပြောပွဲပေါင်း ၃၀၈ ကြိမ် ပြုလုပ်ခဲ့ပြီး ပြည်သူ ၆၆၄၉၅ ဦးကို အသိပညာပေးနိုင်ခဲ့ကြောင်း၊ အသိပညာပေးပိုစတာခြောက်ခုစိုက်ထူခဲ့ပြီး လက်ကမ်းစာစောင် ၂၀၂၇၆ စောင်ကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

"၂၀၁၆ မှာတော့ လူကုန်ကူးမှု လေးမှုကို ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဖေဖော်ဝါရီမှ ဧပြီလအထိ အသိပညာပေးဟောပြောပွဲပေါင်း ၉၉ ကြိမ်ပြုလုပ်ခဲ့ပြီး ၁၄၀၁၄ ဦးအား အသိပညာပေးနိုင်ခဲ့ပါတယ်။ မိဘပြည်သူများကို ပြောချင်တာကတော့ လူကုန်ကူးတယ်ဆိုတာ မိမိကိုရောင်းချခြင်းခံရတာပါပဲ။ လူကုန်ကူးမခံရအောင် အယုံမလွယ်ဖို့ မှာကြားချင်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးပညာပေးမှုအဖြစ် အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ရဲအုပ်ထွန်းထွန်းနိုင်အဖွဲ့နှင့် ရထားရဲတပ်ဖွဲ့မှ ရဲအုပ်စိုးဦးနှင့်အဖွဲ့များ ပူးပေါင်းကာ အသိပညာပေးဟောပြောပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာ့မီးရထားဘူတာကြီး ခရီးသည်နားနေဆောင်၌ မေ ၁၀ရက်က ပြုလုပ်ကာ ရဲအုပ်ထွန်းထွန်းနိုင်က လူကုန်ကူးမှုပေါ်ပေါက်လာပုံ နောက်ခံသမိုင်းအကြောင်းကိုလည်းကောင်း၊ လူကုန်ကူးမှုနှင့်လူမှောင်ခို ခြားနားပုံအကြောင်းကိုလည်းကောင်း၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းကြောင့် ကြုံတွေ့လာမည့် အခက်အခဲများအကြောင်းကိုလည်းကောင်း၊ လူကုန်ကူးမှုဆိုင်ရာ ဥပဒေများအကြောင်းကိုလည်းကောင်း ခရီးသွားမည့် ပြည်သူများအားဟောပြောခဲ့သည်။

ထို့နောက် လူကုန်ကူးမှုဟု သံသယရှိပါက ဆက်သွယ်တိုင်ကြားနိုင်သည့် အရေးပေါ်ဟော့လိုင်းဖုန်းနံပါတ်များဖြစ်သော ၀၉-၄၉၅၅၅၆၆၆၊ ၀၉-၄၉၅၅၅၇၇၇ နံပါတ်များပါသည့် လက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ပြီး မန္တလေးမှ ရန်ကုန်သို့ထွက်ခွာမည့် အမှတ်(၆) အစုန်ရထားပေါ်ရှိ ခရီးသွားပြည်သူများကိုလည်း လက်ကမ်းစာစောင်များ ဝေပေးခဲ့သည်။

အမှတ်(၁၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့အနေဖြင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာတွင် ရပ်ကွက်အတွင်းရှိ NGO အဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပူးပေါင်းဖွဲ့စည်းထားသော ရပ်ကျေးစောင့်ကြည့်ရေးအဖွဲ့များ၊ နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ထူး(မန္တလေး)**



# လယ်ယာမဲ့ပြည်သူများအတွက် လယ်ယာမြေများ ဖော်ထုတ်ပေးအပ်

**မိုင်းဆတ် မေ ၁၃**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်မြို့နယ်ရှိ ကျေးလက်ဒေသများမှ လယ်ယာမဲ့ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်နှင့် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၂၀၈၀ အကုန်အကျခံ၍ ဖော်ထုတ်ခဲ့သည့် လယ်မြေ ၁၃၉ ဒသမ ၃၂ ဧကကို ဒေသခံလယ်ယာမဲ့တောင်သူများထံ မေ ၁၀ ရက်က ပေးအပ်ခဲ့သည်။

မိုင်းဆတ်မြို့နယ် တန့်ဆိုင်ကျေးရွာအုပ်စု ကျအူဖုရားကျေးရွာ၌ ကျင်းပသည့် လယ်ယာမြေများပေးအပ်ပွဲတွင် မိုင်းဆတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းထိန်က မိုးရာသီအချိန်မီ စိုက်ပျိုးနိုင်ရေးနှင့် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးရေးတို့ကို တောင်သူများအား ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က လယ်ယာမြေဖော်ထုတ်ပြီးစီးမှုအခြေအနေများ ရှင်းလင်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေက ကျအူဖုရားကျေးရွာရှိ လယ်ယာမဲ့တောင်သူ ၃၁ ဦးအတွက် လယ်မြေ ၉၄ ဒသမ ၉ ဧကကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က မယ်ကော်(၁) ကျေးရွာရှိ လယ်ယာမဲ့ တောင်သူ ၂၂ ဦးအတွက် လယ်မြေ ၃၉ ဒသမ ၉ ဧကကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးနိုင်လင်းက နာဘွေ့ရဲကျေးရွာရှိ လယ်ယာမဲ့တောင်သူ ခုနစ်ဦးအတွက် လယ်မြေ ၄ ဒသမ ၅၂ ဧကကိုလည်းကောင်း တောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ကျအူဖုရားကျေးရွာနေ လယ်ယာမဲ့တောင်သူတစ်ဦးဖြစ်သည့် ဦးကျတီက ၎င်းတို့တွင် လယ်မြေမရှိသည့်အတွက် နှစ်စဉ် တောင်ယာခုတ်ပြီး စပါးစိုက်ပျိုးခဲ့ရကြောင်း၊ ပင်ပန်းကြီးစွာလုပ်ကိုင်ရသော်လည်း တောင်ယာသည် လယ်မြေလောက် စပါးအထွက်နှုန်းမကောင်းကြောင်း၊ တောင်ယာခုတ်သဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုရှိသည်ဟု သိရှိထားသော်လည်း မိသားစုစားဝတ်နေရေးအတွက် တောင်ယာကိုသာ အားပြုလုပ်ကိုင်ခဲ့ရကြောင်း၊ ယခု လယ်မြေပိုင်ဆိုင်ခွင့်ရရှိသဖြင့် နှစ်စဉ် တောင်ယာခုတ်စရာမလိုတော့၍ များစွာဝမ်းမြောက်ကြောင်း ပြောကြားသည်။

**သန်းဇော်(ပြန်/ဆက်)**

# ကြက်ခြေနီလှုပ်ရှားမှုအကြောင်း သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ဖားကန့်၌ပြုလုပ်

**ဖားကန့် မေ ၁၃**
ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ မြန်မာနိုင်ငံကြက်ခြေနီအသင်း ကချင်အထူးစီမံချက် ကြက်ခြေနီလှုပ်ရှားမှုအကြောင်း သိကောင်းစရာ ဟောပြောဆွေးနွေးပွဲကို ဖားကန့်မြို့နယ် ဆေးရုံကြီး နှစ်ထပ်ဆောင်ခန်းမ၌ မေ ၈ ရက်က ကျင်းပခဲ့ပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာရဲဝင်းက မြန်မာနိုင်ငံကြက်ခြေနီအသင်း ကချင်အထူးစီမံချက်ရုံးမှ ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲ (Dissemination One Day Session) ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့ဦးစီးမှူး(ဒုတိယတန်း) ဦးဒေါင်ဟောင်းက (အသင်းခွဲ)ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် သင်တန်းပြအရာရှိ ဦးမြင့်အောင်က ကြက်ခြေနီသမိုင်းကြောင်း၊ ကြက်ခြေနီလှုပ်ရှားမှုများ၊ လုပ်ငန်းတာဝန်များ၊ သင်္ကေတအသုံးပြုနည်း စသည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**



# သောက်သုံးရေလိုအပ်လျက်ရှိသည့် ကျေးရွာများသို့ ရေပေးဝေ

**သံတွဲ မေ ၁၃**
သံတွဲမြို့နယ်အတွင်းရှိ ကျေးရွာများတွင် အယ်နီညိုရာသီဥတု အကျိုးသက်ရောက်မှုကြောင့် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ပုဂ္ဂလိကအလှူရှင်များပူးပေါင်း၍ ရေပေးဝေလျက်ရှိရာ မေလပထမပတ်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကြွေအေးနှင့်အဖွဲ့ ဌာနပိုင်မော်တော်ယာဉ်များ၊ ပုဂ္ဂလိကယာဉ်များနှင့် သွားရောက်လျက် နတ်မော်ကျေးရွာအုပ်စုရှိ နတ်မော်ကျေးရွာ၊ သပြုချိုင်ကျေးရွာနှင့် ပျဉ်ယောင်းကျေးရွာ အိမ်ထောင်စုများအတွက် သောက်သုံးရေဂါလန် ၆၂၀၀ ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင် (ခရိုင် ပြန်/ဆက်)**

**သုံးခွမြို့နေပြည်သူများ၏ သောက်သုံးရေအတွက် အားကိုးအားထားပြုနေရသော အမှတ်(၉)ရပ်ကွက်ရှိ ကန်သာယာရေကန်ကြီး တိမ်ကောလာသဖြင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ စက်ယန္တရားများ ပံ့ပိုးမှုနှင့် ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေများဖြင့် မေ ၁၀ ရက်မှစ၍ ပြန်လည်တူးဖော်နေစဉ်။**
ကိုကျော်(သုံးခွ)




# ဘုန်းကြီးကျောင်းနှင့် ပြောင်းရွှေ့နေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်

**ဂန့်ဂေါ မေ ၁၃**
ဂန့်ဂေါမြို့နယ် ပြင်သာရွာ ဘုန်းကြီးကျောင်းမှ ဆွမ်းစားဆောင်၊ ခြံစည်းရိုး၊ လေးခန်းတွဲကုဋီ၊ မူကြိုကျောင်း၊ ဆရာ ဆရာမများနေအိမ်၊ ကျောင်းအုပ်ကြီး နေအိမ်များဆောက်လုပ်ပြီးစီးမှုတို့အတွက် ပြီးစီးမှုရာခိုင်နှုန်းအတန်းအစားအလိုက် ထောက်ပံ့ငွေများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ မေ ၉ ရက်က ပေးအပ်ခဲ့သည်။

ထောက်ပံ့ငွေ ကျပ် ၃၁၉ ဒသမ ၂၆ သိန်းကို ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ယခင်က ထောက်ပံ့ငွေ ထုတ်ပေးပြီးမှုမှာ ကျပ် ၄၇၈၄ ဒသမ ၂၆ သိန်းဖြစ်ကြောင်း၊ ထုတ်ပေးရန်ကျန်ရှိသည့် ငွေကျပ် ၇၂၃ ဒသမ ၇၄ သိန်းကိုလည်း ဆက်လက်ထုတ်ပေးနိုင်ရေးအတွက် စီစဉ်ထားကြောင်း သိရသည်။

